ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 24 October 2019 ၉၈၁၂

# ကုလသမဂ္ဂသည် လူသားအားလုံးအတွက် မျှော်လင့်အားထားစရာအဖြစ် ဆက်လက်တည်ရှိနေမည်သာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ (၇၄) နှစ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် (၇၄) နှစ်ပြည့်မြောက်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ကုလသမဂ္ဂအဖွဲ့၏ အောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကုလသမဂ္ဂပဋိညာဉ်က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ အနာဂတ်၌ ဆက်လက်အောင်မြင်စေကြောင်းအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ငြိမ်းချမ်းရေးကို မြတ်နိုးသော နိုင်ငံများက ကုလသမဂ္ဂအဖွဲ့ကြီးအား လွန်ခဲ့သည့် (၇၄) နှစ်၊ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ(၂၄)ရက်နေ့တွင် တည်ထောင်ခဲ့ကြပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းပြီး တန်းတူညီမျှရှိသည့် သဘောတရားကို အခြေခံ၍ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြဿနာများအား ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းရန် အဖွဲ့ဝင်နိုင်ငံများက သန္နိဋ္ဌာန်ချခဲ့ကြပါသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ကေရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုတို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ကေရာဇ်၏ ညီမတော်နှင့်တွေ့ဆုံ

## ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် Nikkei သတင်းဌာနနှင့် Mainichi သတင်းဌာနတို့မှ သတင်းမီဒီယာသမားများကို The Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သတင်းမီဒီယာသမားများက မေးမြန်းသည့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တိုးတက်မှုအခြေအနေနှင့် အခြားသိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၄၈/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်း ကော်မတီအစည်းအဝေး(၄၈/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ပညာရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပညာရေးဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာ တက္ကသိုလ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ် နေ့သင်တန်းများကို ဒီဇင်ဘာ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို အောက်တိုဘာ ၂၅ ရက်မှစပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm ၊ http://www.dhe.gov.mm တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကိုလည်း ဒီဇင်ဘာ ၂ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၇၉၉ | ၉,၁၈၈,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၉,၈၈၁ | ၃၈,၅၉၄,၈၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၉၆ | ၇၉၆,၈၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၁၀၁ | ၂,၃၂၃,၀၀၀ |
| TMH | ၃,၀၀၀ | ၂,၉၀၀ | ၁,၃၄၆ | ၃,၉၁၈,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၃**

ရန်ကုန်(ရွှေဈေး) ၁၂၁၉၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၅၀/၉၆၀ |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၄၅ ကျပ် | ၉၈၅/၁၀၀၅ |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၁၀/၈၅၅ ကျပ် | ၈၈၀/၉၀၀ |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၆၀/၉၇၅ |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၇.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၇.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၆၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၄၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၆.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၀၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၆.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

## အလားအလာသစ်များ၏ သော့ချက်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာလ ၂၁ ရက်နေ့က ကျင်းပခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသော ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများ၊ ပညာရှင်များနှင့် ဧည့်သည်တော်များ၏ စိတ်ဆန္ဒတွင် အခွင့်အလမ်းကောင်းများပေါ်ထွန်းနေသော မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး၊ လုပ်ငန်းအသစ်များ တိုးချဲ့နိုင်ရေးအတွက် ခြေလှမ်းသစ်များ၊ အခြေအနေကောင်းများ ရရှိလိမ့်မည်ဟု မျှော်လင့်ကြမည်ဖြစ်သလို တစ်ဖက်တွင် မြန်မာနိုင်ငံကို သာယာဝပြောပြီး ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်ထွန်းစေရေး ကူညီပေးမည့်စိတ်ဆန္ဒများလည်း အပြည့်အဝရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မှသာလျှင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိတ်ချခိုင်မာစွာ လုပ်ကိုင်နိုင်မည်မှာ အမှန်ဖြစ်သောကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးသထက်ဖွံ့ဖြိုးအောင် ကူညီပေးလိုသောဆန္ဒရှိကြသည်ကို ကြိုဆိုရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် ဆယ်စုနှစ်များစွာကတည်းက မိတ်ကောင်း ဆွေကောင်းပီသစွာဖြင့် ရိုင်းပင်းကူညီပေးနေသော မိတ်ဆွေနိုင်ငံဖြစ်သည်။ ယခုကဲ့သို့ ပွင့်လင်းမြင်သာလာသော ဒီမိုကရေစီ အကူးအပြောင်းကာလတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ သေချာခိုင်မာရေးဟူသည့် တူညီသည့်ရည်မှန်းချက်သည် နှစ်နိုင်ငံပြည်သူများ၏နှလုံးသားတွင် ကိန်းအောင်းနေပါသည်။ သင့်တင့်ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေတစ်ခုကို တည်ဆောက်ဖန်တီးနိုင်မည်ဆိုလျှင် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းလာမည်မှာ အမှန်ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရှင်းလင်းပြောကြားခဲ့သော မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းကောင်းများသည် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား တွန်းအားများဖြစ်စေပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် စိန်ခေါ်မှုကာလတစ်ခုကို ဖြတ်သန်းနေချိန်တွင် ကျားကုတ်ကျားခဲ အားမာန်အပြည့်ဖြင့် ရုန်းကန်နိုးထလာသော မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုများအပေါ် မုဒိတာပွားများကရုဏာထားကာ ပါဝင်လက်တွဲ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သင့်တင့်ကောင်းမွန်ပြီး အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသော အခြေအနေကောင်းတစ်ရပ် ဖန်တီးရေးဟူသည့် ခိုင်မာသောသန္နိဋ္ဌာန်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏သန္နိဋ္ဌာန်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများ ပိုမိုပွင့်လင်းစေသည်။ မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့သည့်အပြင် နိုင်ငံတကာနှင့် ပိုမိုထိတွေ့ကာ တာဝန်သိသော နိုင်ငံတကာမိသားစုဝင်ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို မျှတစွာထိန်းညှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လိုလားမှုဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၅၀ ကျော် မဖြေရှင်းနိုင်သော သမိုင်းဆိုးမွေများကို ခါးစည်းခံယူဖြေရှင်းရင်း ရုန်းကန်လှုပ်ရှားနေသည့်ကြားမှ စီးပွားရေးဦးမော့လာအောင် ဝိုင်းဝန်းကြိုးပမ်း ကူညီအားပေးမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ကမ္ဘာ့ပထဝီနိုင်ငံရေးတွင် ကြီးမားသောသက်ရောက်မှုများ တိုးမြင့်လာချိန်တွင် ကြမ်းတမ်းခက်ထန်သော အခြေအနေများကို ခံနိုင်ရည်ရှိအောင် ပြုပြင်ပြောင်းလဲစီမံခန့်ခွဲကာ ကြိုးပမ်းအားထုတ်လျက်ရှိသည်။ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသောကာလတွင် အလွန်တရာကောင်းမွန်သည့် အခွင့်အလမ်းနှင့် အားသာချက်များကို အပြည့်အဝရယူအသုံးချနိုင်ဖို့သာ လိုရင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံခရီးစဉ်တွင် ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာကောင်းများကို အရင်းအနှီးပြုပြီး အခွင့်အလမ်းတစ်ခုအဖြစ် ကမ်းလှမ်းလိုပါကြောင်းနှင့် တစ်ချိန်တည်းတွင် ပြုပြင်ပြောင်းလဲရေး၊ ရည်မှန်းချက်နှင့် နိုင်ငံရေးဆန္ဒများကို မျှတမှန်ကန်စွာ ဖော်ဆောင်သွားနိုင်မည်ဆိုလျှင် အလားအလာသစ်များ၏ သော့ချက်ကို ဖွင့်လှစ်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ကေရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုနှင့် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံ၌ ပညာသင်ကြားလျက်ရှိသော အစိုးရဝန်ထမ်း ပညာတော်သင်များ၊ မိမိအစီအစဉ်ဖြင့် လာရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**စာမျက်နှာ ၄ သို့ ❖**

## တက်ရောက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂျပန်ကေရာဇ် ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။







နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံရောက် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ ဂျပန်နိုင်ငံရောက် ပညာတော်သင် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့၏ အရေးပါသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မပြည့်စုံမှုများနှင့် အတားအဆီးများရှိသော်လည်း ရရှိထားသည့် အောင်မြင်မှုများကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ အလွန်အမင်းဆင်းရဲမှု၊ ငတ်မွတ်မှု၊ စစ်မက်ပဋိပက္ခများကဲ့သို့သော ပြဿနာများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအင်အားကြောင့် ယခင်ကနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသွားပြီ ဖြစ်ပါသည်။ ထိုအောင်မြင်မှုများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအားထုတ်မှုကြောင့်သာ ရရှိခဲ့ခြင်းဖြစ်ပါသည်။

**တာဝန်ရှိ**

ယနေ့ ကမ္ဘာကြီးသည် နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်း၍မရသော ပြင်းထန်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်း အများရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုအပါအဝင် သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော ပြဿနာများနှင့် စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် တစ်နေ့တခြား ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယင်းသို့ ဖြေရှင်းရာတွင်လည်း နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းကဲ့သို့သော ပြဿနာများအတွက် ၎င်းတို့၏စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များအရ ဖြစ်နိုင်သည့် အတိုင်းအတာအတွင်း လက်တွေ့ကျစွာ ဖြေရှင်းဆောင်ရွက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံတိုင်းကို ကုလသမဂ္ဂအနေဖြင့် ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အရည်အသွေးမြင့်ပညာရေး၊ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရေးနှင့် အားလုံးပါဝင်စေရေးတို့အတွက် နိုင်ငံစုံ ကြိုးပမ်းအားထုတ်မှုများကို လှုံ့ဆော်ရေး"** သည် လက်ရှိကမ္ဘာ့အခြေအနေနှင့် ကိုက်ညီလျက်ရှိပါသည်။ ကုလသမဂ္ဂ၏ ပံ့ပိုးမှုနှင့်အတူ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ ပြည့်မီနိုင်ရန်နှင့် ယင်းပြဿနာများကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတကာအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အချုပ်အခြာအာဏာ တန်းတူညီမျှမှု၊ သမာသမတ်ကျမှု၊ ဘက်မလိုက်မှုစသည့် အခြေခံမှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ထင်ရှားစွာ ပြဋ္ဌာန်းထားပါသည်။ ယင်းအချက်ကို ထိန်းသိမ်းနိုင်မှသာလျှင် ကုလသမဂ္ဂအဖွဲ့သည် နိုင်ငံကြီးငယ်မရွေး အားလုံးအတွက်ဖြစ်သည် ဟူသည့်ဂုဏ်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံအားလုံး အကျိုးအတွက် ဖြစ်သည့်အပြင် အဖွဲ့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏ စည်းမျဉ်းများကို တစ်ပြေးညီ လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အချို့ နိုင်ငံများ၏ အလိုဆန္ဒနှင့် လျော်ညီစွာ လိုက်ပါဆောင်ရွက်ခြင်းထက် လိုအပ်သည်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့ အစွန်းတရား ရောက်ရှိလာခြင်းသည် နိုင်ငံတကာစံနှုန်းများအား ယုံကြည်မှုကင်းမဲ့လာခြင်းနှင့် များမကြာမီ နှစ်များက အမျိုးသားရေးဝါဒနှင့် လူထုအကျိုးကို မျှော်ရည်သော ဝါဒတိုးပွားလာခြင်း၏ သက်သေတစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ အခွန့်ရှည်တည်တံ့ရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ အသိုက်အဝန်းအောက်တွင်

> ကုလသမဂ္ဂ၏ စည်းမျဉ်းများကို တစ်ပြေးညီ လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အချို့ နိုင်ငံများ၏ အလိုဆန္ဒနှင့်လျော်ညီစွာ လိုက်ပါဆောင်ရွက်ခြင်းထက် လိုအပ်သည်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ အစွန်းတရား ရောက်ရှိလာခြင်းသည် နိုင်ငံတကာစံနှုန်းများအား ယုံကြည်မှုကင်းမဲ့လာခြင်းနှင့် များမကြာမီနှစ်များက အမျိုးသားရေးဝါဒနှင့် လူထုအကျိုးကို မျှော်ရည်သောဝါဒ တိုးပွားလာခြင်း၏ သက်သေတစ်ခုဖြစ်

တူညီသောစံနှုန်းဖြင့် ရပ်တည်ကြရမည် ဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့အားလုံးအတွက် လမ်းပြအဖြစ်တည်ရှိနေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသည် ဘက်ပေါင်းစုံပါဝင်သောကိစ္စရပ်များအတွက် အဓိကအရေးပါသည်ဟု မှတ်ယူပါသည်။ သို့အတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့ နိုင်ငံခြားရေးမူဝါဒ၏ အလေးထားသောနေရာတွင် ထားရှိပါသည်။ ပြည်တွင်းစိန်ခေါ်မှုများ ကြုံတွေ့နေရသော ဒီမိုကရေစီဖော်ဆောင်လျက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကုလသမဂ္ဂနှင့်အတူတကွ ဆက်လက်ဆောင်ရွက်ရန် ထပ်လောင်း၍ ကတိကဝတ်ပြုပါသည်။

**စုစည်းညီညာစွာဖြင့် ဆောင်ရွက်**

ကုလသမဂ္ဂသည် ကန့်သတ်ချက်များရှိသော်လည်း လူသားများအပေါ် ကောင်းကျိုးများစွာ ဖြစ်ထွန်းစေခြင်းနှင့် ကမ္ဘာပေါ်ရှိလူများအတွက် အကျိုးအမြတ်များ ဆောင်ကြဉ်းပေးပါသည်။ ယခုအခါ ကုလသမဂ္ဂစွမ်းဆောင်ရည်အပေါ် မေးခွန်းထုတ်စရာ ဖြစ်လာနေသော်လည်း ကုလသမဂ္ဂသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကုလသမဂ္ဂသည် လူသားအားလုံးအတွက် မျှော်လင့်အားထားစရာအဖြစ် ဆက်လက်တည်ရှိနေမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့လူသားများအနေဖြင့် မိမိတို့၏ ပိုမိုလှပသော အနာဂတ်အတွက် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများကို အထောက်အကူပြုရန် စုစည်းညီညာစွာဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ မင်္ဂလာရှိသော (၇၄) နှစ်မြောက် အခါသမယတွင် ကျွန်ုပ်အနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ စည်းမျဉ်းများနှင့် ရည်ရွယ်ချက်များအား ယုံကြည်ကြောင်းနှင့် ကုလသမဂ္ဂနှင့် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် အဖွဲ့ကြီး၏ အပြုသဘောဆောင်သော အားထုတ်မှုများကိုလည်း ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုလိုပါသည်။

❖ စာမျက်နှာ ၃ မှ

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သင်ယူရရှိသည့် ပညာရပ်များကို နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် ပြန်လည်အသုံးချကြရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဖြည့်ဆည်းပေးနိုင်မည့်နေရာမှ ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ တတ်မြောက်ထားသည့် ပညာရပ်များကို မိမိအတွက်၊ အများအတွက် အကျိုးရှိအောင် ပြန်လည်အသုံးချရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် နိုင်ငံတော်က ချမှတ်ထားသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုလည်း သိရှိနားလည်အောင် လေ့လာကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံရောက် ပညာတော်သင် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂျပန်ဧကရာဇ် ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအား Hotel New Otani ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Mainichi သတင်းဌာန၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။



**ပြန်လည် ဖြေကြား**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Nikkei သတင်းဌာန၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ်။

## အင်ဒိုနီးရှားနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အင်ဒိုနီးရှား-မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့်အထိမ်းအမှတ်ညှော့ခံပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၃**
အင်ဒိုနီးရှားနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အင်ဒိုနီးရှား-မြန်မာသံတမန်ဆက်သွယ်မှုနှစ်(၇၀) ပြည့် အထိမ်းအမှတ်ညှော့ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာအီဇာဖာဒရီနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညှော့ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော့ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**
ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက အစိုးရ စာရင်းကိုင်နှင့် ပတ်သက်၍ လက်ရှိ ငွေသားအခြေခံမှ စုစုပေါင်းရောက်မှု အခြေခံသို့ ပြောင်းလဲဆောင်ရွက်ရန်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်ရှိပညာရှင်များနှင့် ဆွေးနွေးရာတွင် လက်ရှိငွေသား အခြေခံစနစ်တွင်လည်း လိုအပ်ချက်များ ရှိနေသည်ကို ဆွေးနွေးခဲ့ကြကြောင်း၊ ယင်းလိုအပ်ချက်များမှာ ပတ်သက်မှုရှိ ပုဂ္ဂိုလ်များဆိုင်ရာ ဖွင့်လှစ်ထုတ်ပြခြင်းမပါရှိခြင်း၊ အခြားရှင်းတမ်းဆိုင်ရာ လိုအပ်သည့် ဖော်ပြချက်များမပါရှိခြင်း၊ ငွေသားရရှိမှုနှင့် ပေးချေမှုအတွက် ဝန်ဆောင်မှုနှင့် ပစ္စည်းရရှိပေးချေမှုများကို ဖော်ပြထားခြင်း၊ လက်ဝယ်ရှိငွေသားဖော်ပြရာ၌ ငွေသားနှင့် အလားတူသည်များ ဖော်ပြထားမှုမရှိခြင်းနှင့် လက်ဝယ်ရှိနိုင်ငံခြားငွေများကို ရှင်းတမ်းပြုစုသည့်နေ့ရှိ လဲလှယ်နှုန်းဖြင့် ဖော်ပြထားမှုမရှိခြင်းတို့ဖြစ်ကြောင်း။

ထို့ကြောင့် ငွေသားအခြေခံမှ စုစုပေါင်းရောက်မှုအခြေခံသို့ ပြောင်းလဲရမည့် ခရီးရှည်တွင် စိန်ခေါ်မှုအများအပြားရှိပြီး မိမိတို့ဌာနရှိ ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စာရင်းစစ်ချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းစစ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူနေမှုဘဝပုံစံများအား အသိပညာပေးရေးနှင့်သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၃**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရည်ရွယ်၍ ၂၀၁၉ ခုနှစ် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော လူတစ်ဦးချင်းမှသည် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော နိုင်ငံသားများအဖြစ် ရောက်ရှိစေရေးနှင့် လူတိုင်း လူတိုင်း ကျန်းမာကြံ့ခိုင်ပျော်ရွှင်သည့် ဘဝများ ပိုင်ဆိုင်စေရေးအတွက် လိုက်နာကျင့်ကြံဆောင်ရွက်ရန် စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှားဆောင်ရွက်သင့်သည့် လူနေမှုဘဝပုံစံများအား အသိပညာပေးရေးနှင့် သက်ဆိုင်သည့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာပြိုင်ပွဲများ ဖိတ်ခေါ်ခဲ့ရာ ဆောင်းပါး ၇၁ ပုဒ်၊ ဝတ္ထုတို ၃၅ ပုဒ်၊ ကဗျာ ၄၄ ပုဒ်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများအနက် ဆောင်းပါးပြိုင်ပွဲတွင် သန္တာနိုင်က "နုပျိုသက်ရှည်ကျန်းမာရေး ကိုယ်လက်လှုပ်ရှားအားကစားပေး" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဦးဝမ်းယုနောင်က "ဘဝတစ်သက်တာ ကျန်းမာရေး လူနေမှုဘဝပုံစံပြောင်းလဲပေး"ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ဦးကျော်ဇောထွေး (ဟမ်စိုင်း-ဆေးမန်း)က "ဘဝတစ်သက်တာ ကျန်းမာရေး လူနေမှုပုံစံပြောင်းလဲပေး" ခေါင်းစဉ်ဖြင့် တတိယဆုတို့ရရှိကြပြီး ဦးကျော်ဇော (မောင်ကျော်ဇော-ရှင်မတောင်နံ့သာမြေ)၊ ဒေါ်သဇင်ထွန်း (သဇင်ထွန်း-ပညာရေး)၊ ဇင်မင်းဝင်း၊ ဦးဝင်းသိန်း (ကျောင်းဆရာကိုကိုဝင်း)နှင့် ဦးအောင်ဆန်းဝင်း(ပိုင်သုတ)တို့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြကြောင်း သိရသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးရဲညွန့်(ခက်နွယ်-နတ်မော်)က "အကြွေစေသည့်ပန်း" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဦးနေလင်းထွဋ်(ခရမ်းသစ်လူ)က "ဆီမီးရာထောင် လင်းစေသော်" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)က "ညီညာတွဲလက် အောင်ပွဲဆက်" ခေါင်းစဉ်ဖြင့် တတိယဆုတို့ရရှိကြပြီး ဒေါ်နွယ်နီအေး(နွယ်နီအေး-လှမှုစီးပွား)၊ ဦးမြင့်မောင် (မောင်စူးရှ-အနောက်ရိုးမ)၊ ဦးအေးသောင်းအုန်း (မောင်သာမန်-ဇီးကုန်း)၊ ဒေါ်တင်မိုးအေး၊ မမိုးမိုးသွင်(ရန့်ချို-ဟင်္သာတ)တို့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြကြောင်း သိရသည်။

ကဗျာပြိုင်ပွဲတွင် ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း) က "ကျန်းမာရေးဖြင့် လူမှုဘဝပုံစံမြှင့် နိုင်ငံ့ဂုဏ်ရောင်တင့်" ခေါင်းစဉ်ဖြင့် ပထမဆု၊ ဒေါ်နွယ်နီဝင်း(မေတ္တာမိုးနှင်း-ပဲခူး) က "အဖိုးနည်းဝန်ပါ လှုပ်ရှားမှုမှသည် ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်သို့" ခေါင်းစဉ်ဖြင့် ဒုတိယဆုနှင့် ချောကေခိုင် (ပေါ်ဦးမြနန်းနွယ်-နေခ)က "နုပျိုသက်ရှည် ကျန်းမာဖို့ နည်းလမ်းကောင်းများ" ခေါင်းစဉ်ဖြင့် တတိယဆုတို့ရရှိကြပြီး ဦးစုအောင် (ချစ်စုအောင်)၊ ဦးထိန်ဝင်း(မိုးထွဋ်ခေါင်)၊ ဦးသန်းထွေးအောင် (ထွေးကို)၊ ဦးသောင်းထွေး (သောင်းထွေး)၊ ဒေါ်သီတာဋ္ဌေး(လမင်းထွန်း)တို့က နှစ်သိမ့်ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

**မောင်လူမော်**

## ကုလသမဂ္ဂသည် ယခင်ကထက် တာဝန်ခံမှု ပိုမိုမြင့်မားလာ

### ကုလသမဂ္ဂနေ့အတွက် ပေးပို့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

**၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်**

ကုလသမဂ္ဂနေ့သည် ယနေ့ဆိုလျှင် ၇၄ နှစ် တင်းတင်းတိုင်အောင် ကြံ့ကြံ့ခံရပ်တည်ခဲ့သော ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ စံအခြေခံမှုများကို မီးမောင်းထိုးပြနေပါသည်။

လှိုင်းထန်သော ကမ္ဘာ့နိုင်ငံရေးပင်လယ်ပြင်တွင် ပဋိညာဉ်စာတမ်းမှာ ကျွန်ုပ်တို့အားလုံး၏ ကိုယ်ကျင့်တရားဆိုင်ရာ ကျောက်ဆူးတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိပါသည်။

အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသော ယနေ့အချိန်တွင် ကုလသမဂ္ဂသည် လူသားတို့ အမှန်အကန် ရင်ဆိုင်နေရသော ပြဿနာများအတွက် ဆက်လက်ဦးတည် အာရုံစိုက်လုပ်ကိုင်လျက်ရှိပါသည်။

ကျွန်ုပ်တို့သည် မျှမျှတတ ကမ္ဘာတစ်ဝန်း လုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ရေးနှင့် ရဲရင့်ပြတ်သားသော ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

လူ့ရပိုင်ခွင့်များနှင့် ကျား-မတန်းတူညီမျှမှုတို့အတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေပြီး အလုံးစုံသော အမုန်းတရားများကို ဆန့်ကျင်ငြင်းဆန်ပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကြားညပ်လျက်ရှိသူ သန်းပေါင်းများစွာတို့အတွက် အသက်ကယ်ဆယ်ရေးအထောက်အပံ့များကို ပံ့ပိုးပေးနေစဉ်မှာပင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက်လည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံများအား ပိုမိုတိုးမြှင့်ပံ့ပိုးရင်းပင် ကုလသမဂ္ဂ ကိုယ်တိုင်သည်လည်း ယခင်ကထက် ပိုမိုဖျတ်လတ်ပြီး တာဝန်ခံမှု ပိုမိုမြင့်မားလာခဲ့ပါသည်။

လာမည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်ခြင်း၏ ၇၅ နှစ်ပြည့်မြောက်ပြီ ဖြစ်သည်။ ယင်းသမိုင်းမှတ်တိုင်သည် ကျွန်ုပ်တို့၏ အနာဂတ်ကို အတူတကွ ပုံဖော်ဖို့ အရေးကြီးကာလတစ်ခု ဖြစ်ပေသည်။

အဆိုပါကိစ္စတွင် ပါဝင်ဆွေးနွေးဖို့ အားလုံးကို ဖိတ်ခေါ်ပါသည်။

"ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့" ၏ ကောင်းကျိုးချမ်းသာအတွက် အားလုံးအတူတကွ ဆတက်ထမ်းပိုး ဆောင်ရွက်ကြပါစို့။

ကျေးဇူးတင်ပါသည်။

## မစ္စရာရှန်ရဲ့စ်ဘီလာသဗာအား မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၂၄**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စရာရှန်ရဲ့စ်ဘီလာသဗာအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စရာရှန်ရဲ့စ်ဘီလာသဗာကို ၁၉၆၃ ခုနှစ်၊ ဧပြီလတွင် ကာဇက်စတန်နိုင်ငံ တော်ဒီကော်ဂန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားစီးပွားရေးသိပ္ပံကျောင်းကို တက်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် စီမံခန့်ခွဲမှုသိပ္ပံကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်-နိုင်ငံရေးရာဆိုင်ရာဌာန၌ သံအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကာဇက်စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကာဇက်စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စရာရှန်ရဲ့စ်ဘီလာသဗာသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးတစ်ဦး ထွန်းကားသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**လယ်ဝေး အောက်တိုဘာ ၂၃**
လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီက လယ်ဝေးမြို့နယ် အောင်နန်းချိုကျေးရွာ စိန့်မေရီဘုရားကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ လယ်ဝေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ လယ်ဝေးမြို့ ခုတင်(၁၀၀)ဆေးရုံမှ အထူးကုဆရာဝန် ဒေါက်တာသိန်းသန်းထွန်း၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးဝင်းဆွေတို့က ကျေးရွာသစ်စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ အခြေခံကျန်းမာရေးအသိပညာများ၊ မြို့နယ်အတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အောင်နန်းချို၊ ဇလီ၊ လသာ၊ တဲကြီးကုန်း(ရွာမ)၊ တဲကြီးကုန်း(ရွာသစ်)၊ အောင်စီလာကျေးရွာများမှ ပြည်သူများက လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပညာရေး၊ လျှပ်စစ်မီးလင်းရေး၊ လယ်ယာမြေကိစ္စရပ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကြောင်းအရာများကို ဆွေးနွေးမေးမြန်းရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**ဝေကြည်စန်းအောင်(ပြန်/ဆက်)**

# မိုးမိုး(အင်းလျား) (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် အကြိုခံစားမှု

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

**၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်တွေမှာ စာရေးဆရာမကြီး မိုးမိုး (အင်းလျား)ရဲ့ (၇၅) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတော် ကျင်းပမှာဖြစ်ပါတယ်။ ပွဲတော်ကို စာပေပွဲတော်၊ အနုပညာပွဲတော်၊ MSME ဈေးရောင်းပွဲတော်များနှင့်အတူ အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့မှာရှိတဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခန်းမတွေမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။**

ဆရာမ မိုးမိုး(အင်းလျား)ကို ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ အဘ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့က ဒိုက်ဦးမြို့မှာ မွေးဖွားခဲ့ပါတယ်။ ယနေ့အချိန် သက်ရှိထင်ရှား ရှိမယ်ဆိုရင် ဒီလဒီရက်တွေဟာဖြင့် ဆရာမကြီးရဲ့ စိန်ရတုနေ့ရက်များပဲဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့ အသက် ၄၆ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့ပါတယ်။ စာပေလောကရဲ့ အနုပညာကြယ်ပွင့်ကြီးတစ်ပွင့် ကြွေလွင့်ခဲ့ရသလို ရသစာပေလောကရဲ့ ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရပါတယ်။

ဆရာမဟာ လုံးချင်းဝတ္ထုပေါင်း ၂၆ အုပ်၊ ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းများစွာ ရေးသားခဲ့ပြီး အမျိုးသားစာပေဆုကို လေးကြိမ်ရရှိခဲ့ပါတယ်။ ရေးသားခဲ့တဲ့ဝတ္ထုတွေ အနက်မှာ ''ပျောက်သောလမ်းမှာ စမ်းတဝါး၊ ညီမလေးကအချစ်ကို ကိုးကွယ်သတဲ့လား၊ မသုဓမ္မစာရီ၊ ငြိမ်းကိုရှက်ပါ၊ မှတပါး အခြားမရှိပြီ၊ ရွှေတိဂုံကိုမြင်လျှင်၊ နာမကျန်းသည် အိုနှင်းဆီ၊ မီးရောင်အောက်ကို ဝင်လျှင်၊ အချစ်ဆိုသောအရာ၊ ပွင့်တချို့ ကြွေတချို့၊ သုံးလွန်းတင်မှကြိုး'' စတဲ့ဝတ္ထုတွေဟာ ထင်ရှားလှပါတယ်။

### တေးသံတွေ ပျံ့လွင့်ဝေစည်

ကျွန်မအနေနဲ့တော့ ဆရာမနဲ့ ရင်းနှီးခင်မင်တွေ့ဆုံခွင့် မရခဲ့ပေမယ့် ဆယ်ကျော်သက် အရွယ်ကတည်းက မိုးမိုး(အင်းလျား) ဆိုတဲ့ ကလောင်နဲ့အတူ ဝတ္ထုတို၊ ဝတ္ထုရှည်များစွာကို ဖတ်ရှုရင်း ကြီးပြင်းလာခဲ့ရတာပါ။ ပြောရမယ်ဆိုရင်တော့ လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်ကာလရဲ့အမှတ်ရစရာလေးတွေကို အလျဉ်းသင့်လို့ပြောပြချင်ပါတယ်။ ၁၉၈၉ ခုနှစ် အရေးအခင်းပြီးစကာလတွေမှာ ဆေးတက္ကသိုလ်တွေပိတ်ထားတော့ ကျွန်မက ရေနံချောင်းကို ပြန်ရောက်နေတဲ့အချိန်ကာလ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘဘ သခင်ခင်ညွန့်နဲ့အဖွဲ့ဟာ ရေနံချောင်းကို ရောက်လာခဲ့ပါတယ်။ ကျွန်မတို့ရဲ့ အိမ်ချင်းကပ်ရက် ဦးလေးမောင်မောင်ရဲ့အိမ်မှာ ရုံးခန်းဖွင့်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအတွက် အကြိုမဲဆွယ်စည်းရုံးလှုံ့ဆော်ပွဲတွေ လုပ်ကြပါတယ်။ ကျွန်မ မှတ်မိသလောက် ဘဘ သခင်ခင်ညွန့်နဲ့အတူ သားဖြစ်သူ ဦးမျိုးညွန့်(စာပေလောက)၊ ကဗျာဆရာကြီး (ဦး)တင်မိုး၊ မောင်သွေးသစ်၊ ဦးမြတ်ခိုင်၊ စန္ဒရား (ဦး)တင်ဝင်းလှိုင်နဲ့ အခြားဧည့်သည်တွေလည်း ပါလာကြတယ်။ ရွှေကြာငုံရပ်ကွက် ရွာလယ်ဓမ္မာရုံဘေးမှာ ဟောပြောပွဲတွေလုပ်တယ်။ ရေနံချောင်းသား စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ တွေ့ဆုံကြ၊ ဆွေးနွေးကြ၊ ကဗျာရွတ်ကြတယ်၊ ရေနံချောင်းမြို့နယ် ဂီတအစည်းအရုံးပိုင် စန္ဒရားကြီးနဲ့ သီချင်းတွေဆိုကြတယ်။ ကျွန်မတို့ ညီအစ်မတွေကတော့ ထမင်းတောင် ဖြောင့်ဖြောင့်မစားနိုင်ဘဲ 'နတ်ကရာကြည့်မော' လုပ်ခဲ့ကြတယ်။

ရေနံချောင်းတစ်မြို့လုံး၊ ရွှေကြာငုံရပ်ကွက်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်နဲ့ ဒီမိုကရေစီတေးသံတွေ ပျံ့လွင့်ဝေစည်နေခဲ့တယ်။

၁၉၉၀ မေလ ရွေးကောက်ပွဲမှာ ဘဘ သခင် ခင်ညွန့် အနိုင်ရခဲ့တယ်။ အင်န်အယ်လ်ဒီပါတီအမတ် ဖြစ်ခဲ့တယ်။ ရွေးကောက်ပွဲအတွက် ရန်ကုန်နဲ့ ရေနံချောင်းကူးသန်းနေတဲ့အချိန် ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့မှာ ဘဘရဲ့ ချွေးမဖြစ်တဲ့ စာရေးဆရာမ မိုးမိုး (အင်းလျား) ကွယ်လွန်ခဲ့တယ်။ အဲဒီအချိန်မှာ ဘဘနဲ့ သူ့မိသားစုရဲ့ ရင်ထဲကအပူတွေ၊ သောကတွေ ဘယ်လောက်များ ကြီးမားနေမလဲတွေးမိတယ်။ အတိတ်သမိုင်းဆိုတာ ဖျောက်ဖျက်ပစ်လို့မရနိုင်ပါဘူး။ ၁၉၉၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့မှာ ဘဘတို့အဖွဲ့ ရန်ကုန်ပြန်ကြတယ်။ စာရေးဆရာဖြစ်ဖို့ ကြိုးစားနေတဲ့ ကျွန်မရဲ့စာမူထုပ်ကြီးကို ဦးမြတ်ခိုင်ဖတ်ဖို့ ဒေါင်းသေချောင်းအထိ လိုက်ပို့ခဲ့ရပုံတွေ အခုချိန်အထိ အမှတ်ရနေခဲ့တယ်။ ကျွန်မလို ဆရာမကြီး မိုးမိုး (အင်းလျား)နဲ့ တိုက်ရိုက်လူချင်းမပတ်သက်၊ မရင်းနှီးခဲ့ရပေမယ့် မိသားစုဝင်တွေနဲ့ တွေ့ဆုံခဲ့ရတာလေးကိုပဲ အမှတ်တရဖြစ်နေသူတွေ ရှိမယ်ဆိုရင် ဆရာမနဲ့ သိမီလိုက်၊ ရင်းနှီးခင်မင်ခွင့်ရလိုက်သူတွေ၊ ခေတ်ပြိုင်စာပေ ညီအစ်မတွေအတွက်တော့ အမှတ်တရတွေက ပိုပြီး များကြမှာပါ။




### အပြုံးအလှပိုင်ရှင်ပါပဲ

ပြီးခဲ့တဲ့လက ပွဲတော်အကြို အထိမ်းအမှတ်စာစောင်ထုတ်တော့ အဲဒီစာအုပ်လေးထဲမှာ လူထုဒေါ်အမာ၊ ဆရာကြီးသော်တာဆွေ၊ ခင်ဆွေဦး၊ မစန္ဒာ၊ မနှင်းဖွေး၊ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၊ ဂျူး၊ သင့်ဘဝဦးတင်မောင်တို့ရဲ့ ပေးစာလေးတွေကို ကာယကံရှင်တွေရဲ့ လက်ရေးမူရင်းအတိုင်း ဖော်ပြထားတာဖတ်လိုက်ရပါတယ်။ အဲဒီလိုပဲ ဆက်စပ်ပတ်သက်ခဲ့ဖူးသူအားလုံးရဲ့ရင်ထဲမှာ အမှတ်တရတွေ ရှိနေကြမှာပါ။ ကျွန်မအစ်မ ဒေါ်မြင့်မြင့်သိန်းကလည်း အင်းလျားဆောင်သူဆိုတော့ သူတို့အဆောင်ကို မိုးမိုး(အင်းလျား) မကြာခဏ လာတဲ့အကြောင်း၊ ခတ်ပုံအတူရိုက်ခဲ့ကြောင်း၊ စကားတွေပြောခဲ့ကြောင်း၊ ကျောင်းပိတ်လို့ အိမ်ပြန်လာရင် ခတ်ပုံလေးပြပြီး ကျွန်မတို့ကို ကြွားတော့တာပါပဲ။

မမဂျူးကတော့ အစ်မကြီး မိုးမိုး (အင်းလျား)ရဲ့ မျက်လုံးလေးတွေက သိပ်လှတယ်တဲ့။ ဒီလောက်နာမည်ကြီးလှတဲ့ စာရေးဆရာမတစ်ယောက် ဒီလောက် မျက်လုံးလှလိမ့်မယ် မထင်ဘူးလို့ ပြောတယ်။ တကယ်လည်း တွေ့သမျှ၊ ကြည့်သမျှ မိုးမိုး(အင်းလျား)ရဲ့ ခတ်ပုံတိုင်းမှာ ထူးခြားတာက 'အပြုံး' ပါပဲ။ ရင်ထဲနှလုံးသားထဲကလာတဲ့အပြုံးနဲ့ ကြည့်သူတိုင်းကို မျက်လုံးတောက်တောက်လေးတွေနဲ့ ညို့ယူဖမ်းစားထားသလို၊ မျက်နှာလေးကလည်း 'ရယ်'၊ မျက်လုံးလေး၊ နှုတ်ခမ်းလေးတွေကလည်း ပြုံးရယ်နေတဲ့ ထူးခြားတဲ့ အပြုံးအလှပိုင်ရှင်လို့ သတိပြုမိကြမှာပါပဲ။

### လက်ဆောင်ကမ်း မျှဝေပေးမယ့်ပွဲ

အခုလို (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော် ကျင်းပမယ်ဆိုတော့ အဲဒီအမှတ်တရများစွာ၊ အတိတ်ပုံရိပ်များစွာကို ပြန်လည်မြင်ရ၊ ကြားရတော့မယ်ဆိုပြီး ဝမ်းသာမိတယ်။ ဒီလိုပွဲတော်မျိုးကျင်းပဖို့ဆိုတာ တကယ်တော့ မလွယ်ကူလှပါဘူး။ မကြာခဏ အစည်းအဝေးတွေ ထိုင်ရတယ်၊ မိုးမိုး(အင်းလျား)ရဲ့ မိသားစုဝင်တွေနဲ့ တာဝန်ရှိသူ စာပေပညာရှင်ကြီးတွေ စုစည်းကြပြီး ပွဲတော်ကျင်းပရေးကော်မတီတွေ ဖွဲ့တယ်၊ နာယက၊ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်တွေ ခွဲဝေတယ်။ ပွဲတော်ကြီးဖြစ်မြောက် အောင်မြင်ဖို့ အဘက်ဘက်က ထောင့်စေ့အောင်စီစဉ်ကြတယ်။ အကြိုစာပေစကားဝိုင်းတွေ၊ စာနယ်ဇင်းတွေ့ဆုံပွဲတွေ၊ တိုက်ရိုက်အသံလွှင့်မှုတွေ လုပ်ဆောင်ကြတယ်။

ပွဲတော်ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ စာပေ၊ အနုပညာနယ်ပယ် အသီးသီးက စာပေအနုပညာရှင်တွေအားလုံး ပူးပေါင်းပါဝင်တင်ဆက် ဆင်နွှဲနိုင်ဖို့ ရည်ရွယ်ပါတယ်။ ရသစာပေ၊ ဘဝသရုပ်ဖော်စာပေတို့ရဲ့ မီးရှူးတန်ဆောင် ဆရာမ မိုးမိုး(အင်းလျား)ကို မသိမမီလိုက်ကြတဲ့ ယနေ့လူငယ်လူရွယ်တွေကိုလည်း သိစေချင်တယ်။ အောင်မြင်ကျော်ကြား ထင်ရှားခဲ့တဲ့ ဆရာမရဲ့ စာတွေကို သူတို့လေးတွေ ဖတ်ရှုစေချင်တယ်။ မျိုးဆက်သစ်တွေကို စာပေလက်ဆောင်ကမ်း မျှဝေပေးမယ့် ပွဲဆိုလည်း မမှားပါဘူး။

ဒါ့အပြင် ဒီပွဲတော်ကြီးမှသည် မြန်မာစာပေ တိုးတက်မြှင့်တင်ရေးကိုပါ တစ်ဖက်တစ်လမ်းက ဖော်ဆောင်ခြင်းလို့လည်း ယုံကြည်မိပါတယ်။

### တိုင်းပြည်ရဲ့ဂုဏ်

စာပေဟာ ယဉ်ကျေးမှုဖြစ်ပါတယ်။ 'ပြည့်' အမွေအနှစ်ဖြစ်ပါတယ်။ ယဉ်ကျေးမှုဆိုတာ တိုင်းပြည်ရဲ့ဂုဏ်ဖြစ်ပါတယ်။ စာပေမြင့်မှ လူမျိုးမြင့်မယ်၊ ဘဝမြင့်ပါမယ်။ စာပေနဲ့ ဘဝဟာ တိုက်ရိုက်အချိုးကျနေပါတယ်။ စာပေဖန်တီးသူတွေဟာ ကမ္ဘာလောကကြီး သာယာလှပအောင်၊ တိုးတက်အောင် လုပ်ဆောင်နေသူတွေပဲ ဖြစ်ပါတယ်။ စာပေဆိုတာ နှလုံးသားကို ခွန်အားဖြစ်စေတဲ့အရာ ဖြစ်ပါတယ်။ 'ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ' ဆိုတဲ့ ရသကိုးပါးကို စာပေက ပေးစွမ်းပါတယ်။ 'စာ' ထဲမှာ ဘဝတွေရှိတယ်၊ 'ရသ'တွေရှိတယ်၊ 'အားမာန်' တွေ၊ 'စိတ်ခွန်အား' တွေ၊ 'တွန်းအား'တွေရှိတယ်၊ 'သံဝေဂ' တွေ ရှိတယ်၊ 'ကိုယ်ချင်းစာတရား' တွေ ၊ 'နားလည်ခြင်း'၊ 'သည်းခံခွင့်လွှတ်ခြင်း' တွေ ရှိနေပါတယ်။

**စာပေဖန်တီးသူတွေဟာ ကမ္ဘာလောကကြီး သာယာလှပအောင်၊ တိုးတက်အောင် လုပ်ဆောင်နေသူတွေပဲ ဖြစ်ပါတယ်။ စာပေဆိုတာ နှလုံးသားကို ခွန်အားဖြစ်စေတဲ့အရာ ဖြစ်ပါတယ်။ 'ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ' ဆိုတဲ့ ရသကိုးပါးကို စာပေက ပေးစွမ်းပါတယ်။**

ဒီပွဲတော်ကို ကျင်းပခြင်းဖြင့် မြန်မာစာပေကို မြှင့်တင်အားပေးခြင်းဖြစ်သလို မိုးမိုး (အင်းလျား)ကို ချစ်ခင်အားပေးကြတဲ့ စာချစ်သူတွေအားလုံးအတွက် ကျယ်ကျယ်ပြန့်ပြန့် တင်ဆက်သွားမယ့်ပွဲလည်း ဖြစ်ပါတယ်။ ပွဲတော်မှာ မိုးမိုး(အင်းလျား)ရဲ့ ဘဝနဲ့စာပေ ဓာတ်ပုံများ၊ မြန်မာအမျိုးသမီး စာပေပညာရှင်ကြီးများရဲ့ အတ္ထုပ္ပတ္တိနဲ့ ဓာတ်ပုံတွေကို ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။

ပွဲတော်အစီအစဉ်တွေကတော့ ၂၅-၁၀-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၉ နာရီမှာ ဖွင့်ပွဲအခမ်းအနား ကျင်းပပါမယ်။ အဲဒီနောက်မှာတော့ ဆရာမ ကြူကြူသင်း၊ စမ်းစမ်းနွဲ့(သာယာဝတီ) မစန္ဒာ၊ မနှင်းဖွေးတို့ရဲ့ 'မိုးမိုးအကြောင်းပြောရအောင်' ဆိုတဲ့ ခေတ်ပြိုင်တို့ရဲ့ စကားဝိုင်းအစီအစဉ် ဖြစ်တယ်။ ပြီးတာနဲ့ ပန်းချီဆရာကြီးဖေညွန့်ဝေရဲ့ 'မိုးမိုး(အင်းလျား)ကို ပန်းချီဖြင့်ခံစားခြင်း'၊ နတ်မောက်အနီချိုရဲ့ စာတမ်းဖတ်ခြင်း ယနေ့လူငယ်နှင့် ရသစာပေစကားဝိုင်းနဲ့ ကဗျာဆရာမ မအိနဲ့ အဖွဲ့ရဲ့ ကဗျာရွတ်ဆိုခြင်းတို့ ပါဝင်ပါမယ်။

၂၆-၁၀-၂၀၁၉ ရက်နေ့မှာတော့ ဆရာဦးကြည်စိုးထွန်းရဲ့ 'စာပေမှသည် ရုပ်ရှင်သို့' အနုပညာပြပွဲနဲ့ စတင်ဖွင့်လှစ်ပြီး ဆရာမ စမ်းစမ်းတင်၊ မေအောင်စိုးတို့ရဲ့ 'ငယ်ကျွမ်းဆွေတို့ စကားဝိုင်း'၊ ဆရာမ သန်းမြင့်အောင်နဲ့ ဂျူးတို့ရဲ့ စာပေဟောပြောပွဲများနဲ့ ဆရာမ ခင်မြဇင်၊ မိချမ်းဝေ၊ နှင်းဝေငြိမ်းတို့ရဲ့ မိုးမိုး (အင်းလျား) ချစ်သူများ စကားဝိုင်းတို့ ဖြစ်ပါတယ်။

၂၇-၁၀-၂၀၁၉ ရက်နေ့မှာတော့ မိုးမိုး (အင်းလျား)ရဲ့ လုံးချင်းဝတ္ထုသုံးသပ်ချက်ပြိုင်ပွဲ၊ ဆရာမ ရာသက်ပန်(တောင်ငူဆောင်)က စာတမ်းဖတ်ကြားပြီး ဆရာမ ယမင်းမြတ်အေးရဲ့ ဟောပြောပွဲ၊ အဲဒီနောက် ဆုပေးပွဲကျင်းပပြီး ဆရာမဂျူးနဲ့ မြကြာငုံတို့အဖွဲ့ရဲ့ တေးသံသာများနဲ့ ဧည့်ခံဖျော်ဖြေရေးနဲ့ အခမ်းအနားပိတ်ပွဲ အစီအစဉ်ဖြစ်ပါတယ်။ ဂီတမှူး တယောကိုတင်ငွေ၊ စန္ဒရားတင်ကိုကိုတို့ရဲ့ တေးဂီတအဖွဲ့နဲ့အတူ စာရေးဆရာကြီး ဆရာမကြီးများရဲ့ အဆို၊ အက၊ အလှတွေကို ကြည့်ရှုခံစား နားဆင်ကြရမှာ ဖြစ်ပါတယ်။

### ခင်းကျင်းပြသ

ဧည့်သည်အနုပညာရှင် နိုင်ငံကျော် အဆိုတော်ကြီးတွေဖြစ်တဲ့ အေဝမ်းတင်တင်လှ၊ မောင်သိန်းဝင်း၊ ရန်ပိုင်စိုး၊ ရဲထိုက်၊ မိုးထက်မြင့်၊ မေသက်ထားဆွေတို့ကလည်း တေးသံသာများနဲ့ ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ စာအုပ်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချသွားမှာဖြစ်သလို သိမ်ဖြူလမ်းနဲ့အနော်ရထာလမ်း၊ ဝန်ကြီးများရုံးရဲ့ရှေ့မှာ MSME လို့ခေါ်တဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ ဈေးပွဲတော်၊ ဆိုင်ခန်းပေါင်းများစွာကို ခင်းကျင်းပြသ ရောင်းချသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ❖

# အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**
အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

**ခြိမ်းခြောက်မှုများရှိနေ**

အစည်းအဝေးတွင် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ပဋိဇီဝဆေးယဉ်ပါးသော၊ ပဋိဇီဝဆေးမတိုးသော ရောဂါပိုးများသည် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုရေးနှင့် စီးပွားရေးခြိမ်းခြောက်မှုများရှိနေသဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး လုပ်ငန်းများသည် အရေးကြီးပါကြောင်း၊ ပဋိဇီဝဆေးဝါးများကို စနစ်တကျသုံးစွဲမှုမရှိခြင်းကြောင့် ရောဂါပိုးများသည် ပဋိဇီဝဆေးယဉ်ပါးကာ ဆေးမတိုးသဖြင့် ရောဂါပျောက်ကင်းမှုမရှိခြင်း၊ အသက်သေဆုံးသည်အထိ ဖြစ်ပွားခြင်းတို့ ဖြစ်ပွားနိုင်ပါကြောင်း။

ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ အကြောင်းအရာများကို ဝန်ကြီးဌာနရှိဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များ၊ သင်တန်းကျောင်းများတွင် ထည့်သွင်းသင်ကြားခြင်းများကို ပိုမိုပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ပဋိဇီဝဆေးဝါးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ညွှန်းဆိုချက်အတိုင်း စနစ်တကျသုံးစွဲသောက်သုံးရန် ကျန်းမာရေးအသိပညာပေးမှုများကို ဝန်ကြီးဌာနမှ Mobile Tablet များအသုံးပြု၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများမှ ဆေးဝါးများတရားမဝင် ဝင်ရောက်မှု၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ခွင့်ပြုချက်နှင့် မှတ်ပုံတင်မပါသော အရည်အသွေးအာမခံချက်မရှိသော ဆေးဝါးများအား ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ပြဿနာများအပါအဝင် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း။

ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး သတ်မှတ်ထားသောလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ဝေထားသည့် ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာနှင့် ပဋိဇီဝဆေးဝါးများအား ကျိုးကြောင်းဆီလျော်စွာ အသုံးချမှုဆိုင်ရာလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများကို ပြုပြင်မွမ်းမံခြင်းနှင့် အသစ်ရေးဆွဲခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာနီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် (ခေတ္တခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ၏လုပ်ငန်းလမ်းပြမြေပုံ၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကဏ္ဍသုံးခု ပူးပေါင်း၍ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ စစ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်အသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြသည်။

**သတင်းစဉ်**

## မြန်မာစာပေနှင့် အနုပညာပွဲတော်၌ ခဲစာလုံး (ပုံနှိပ်ခေတ်) စာစီလုပ်ငန်း ပြခန်း ခင်းကျင်းပြသမည်

**ရန်ကုန် အောက်တိုဘာ ၂၃**
မိုးမိုးအင်းလျား (၇၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပွဲတော်၌ တစ်ခေတ်တစ်ခါက ပုံနှိပ်လောကတွင် အားထားခဲ့ရသည့် ခဲစာလုံး(ပုံနှိပ်ခေတ်) စာစီလုပ်ငန်းပြခန်းကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**လက်တွေ့စာစီပြသပေးသွားမည်**

ခဲစာလုံးခေတ်တွင် မီဒီယာလုပ်ငန်းအတွက် ပုံဖော်ထုဆစ်ပေးခဲ့ကြသည့် ထုတ်လုပ်ရေးမီဒီယာသမား၏ ဘဝသရုပ်ဖော်လှုပ်ရှားပုံရိပ်များကို စိတ်ပါဝင်စားသူများနှင့် ခေတ်လူငယ်များ ဗဟုသုတလေ့လာနိုင်ရန် ခဲစာလုံးများဖြင့် လက်တွေ့စာစီပြသပေးသွားမည် ဖြစ်သည်။

ခဲစာလုံးတိုက်ပိုင်ရှင်များ၊ ပုံနှိပ်ပညာရှင်များနှင့် စာစီဆရာများကိုလည်း လာရောက်ဆုံစည်းကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**အောင်မိုး**

## ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၏ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားအောင်မြင်စွာ မွေးဖွား

**ရန်ကုန် အောက်တိုဘာ ၂၃**
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ၅ ပေါင် ၂ အောင်စရှိ ဒုတိယမြောက်ဖန်ပြွန်သန္ဓေသား မိန်းကလေးတစ်ဦးကို ပါမောက္ခ ဒေါက်တာဒေါ်ခင်လတ် ဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီးများက ယနေ့နံနက် ၈ နာရီ ၃၆ မိနစ်တွင် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ပြုံးကြည်က "ဖန်ပြွန်သန္ဓေသားဆိုတာ သားသမီးရဖို့ခက်ခဲတဲ့ ဇနီးမောင်နှံတွေမှာ ဖန်ပြွန်သန္ဓေသားနည်းနဲ့ သန္ဓေတည်အောင် ဆောင်ရွက်ပေးတာဖြစ်တယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့ပြီး ပထမဆုံး ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန်လမှာ မွေးဖွားပေးနိုင်ခဲ့ပါတယ်။ ဖန်ပြွန်သန္ဓေသားပြုလုပ်တဲ့အဆင့်ဆင့်က အများကြီးရှိပါတယ်။ ဖန်ပြွန်သန္ဓေသားနည်းနဲ့ဆိုရင် သားသမီးရဖို့ တော်တော်လေးခက်ခဲပါတယ်။ ဖန်ပြွန်သန္ဓေသားအောင်ဖို့ဆိုရင် ကျွန်မတို့ရဲ့သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီးတွေရဲ့ တတ်ကျွမ်းတဲ့ နည်းပညာမကဘူး၊ တခြားကမ္ဘာ့အဆင့်မီ ဆေးဝါးတွေကို သုံးစွဲပါတယ်။ ဒါပေမယ့် ဖန်ပြွန်သန္ဓေသားတွေအတွက် အထူးလိုအပ်တဲ့ ကိရိယာတွေ၊ ဓာတ်ခွဲခန်းတွေတိုးတက်အောင်လုပ်ဖို့ အဆင့်အများကြီးလိုပါသေးတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကလည်း Fertility Centre မှာ လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေကို အတတ်နိုင်ဆုံး ပံ့ပိုးပေးပါတယ်။ ဒီထက်နည်းပညာရော လိုအပ်တဲ့စက်ပစ္စည်းတွေပါရရှိမယ်ဆိုရင် သားသမီးရနိုင်ဖို့ခက်ခဲတဲ့ ဇနီးမောင်နှံတွေကို အခုထက်ကူညီပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။



ဖန်ပြွန်သန္ဓေသား၏ ဖခင်ဖြစ်သူ ဦးမောင်မောင်သန့်က "ကျွန်တော်တို့က အင်းစိန်ကပါ။ အိမ်ထောင်ကျပြီး ၉ နှစ်ခွဲကြာမှ ကလေးရတာပါ။ ကလေးရဖို့ အပြင်ဆေးရုံဆေးခန်းတွေမှာကြိုးစားကြည့်ပါတယ်။ အဆင်မပြေတော့ ဗဟိုအမျိုးသမီးဆေးရုံက Fertility Centre မှာ တိုင်ပင်ဆွေးနွေးကြည့်ခဲ့ပြီး ဒီနေ့မနက် သမီးဦးလေးကို အောင်အောင်မြင်မြင်မွေးလာတော့ ပျော်ပါတယ်"ဟု ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဟိုင်နန်ဆေးတက္ကသိုလ်အကူအညီဖြင့် ၂၀၁၈ ခုနှစ် ဇွန်၁၂ ရက်တွင် ပထမဆုံး ဖန်ပြွန်သန္ဓေသားကို မွေးဖွားခဲ့ကာ ယခု ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားကို အောင်မြင်စွာမွေးဖွားနိုင်ခြင်းဖြစ်သည်။ **သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

❖ စာမျက်နှာ ၆ မှ

ကျွန်မတို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၇ ရာခိုင်နှုန်းနဲ့ အထက်ဟာ MSME လုပ်ငန်းများပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်နေသူတွေလို့ဆိုရင် မမှားပါဘူး။ MSME တွေ အားကောင်းလေလေ နိုင်ငံ့စီးပွားရေး ခိုင်မာတောင့်တင်းလေလေလို့လည်း နားလည်မိပါတယ်။ ဒါကြောင့် မကွေး MSME တိုင်းဦးစီးမှူးဖြစ်တဲ့ ဒေါ်မြင့်မြင့်သိန်း (မေသံလွင်) ရဲ့ စီစဉ်ပေးမှုနဲ့ ပွဲတော်ရက်သုံးရက်မှာ ဆိုင်ခန်းပေါင်း ၃၅ ခန်း ဖွင့်လှစ်ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။

လာရောက်ပြသကြမယ့် ဆိုင်ခန်းတွေကတော့ မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးကဖြစ်ပြီး အမျိုးအမည်စုံလင် ဆန်းပြား များပြားလှပါတယ်။ Genius ညဏ်ကြီးရှင်ကော်ဖီ၊ Jumjel သဘာဝစလေဆီးသီး+ မန်ကျည်းဖျော်ရည်၊ Natural Beauty အလှကုန်၊ ကောင်းဆက်ဝတီ(ကြယ်ပဲနှင့် လူသုံးကုန်၊ အလှကုန်)၊ ဂဠုန်မင်းညီနောင် မြန်မာ့ရိုးရာ ချည်ထည်၊ ဆရာဘိုင်အို သဘာဝအော်ဂဲနစ်၊ ဇင်ယော် (လက်တို့ လိုက်ပါ)၊ မြေပဲယို၊ နှမ်းယို၊ ငွေလှဝင်း မြန်မာ့ရိုးရာချည်ထည်၊ စိုးမိသားစု လက်မှုပညာ၊ သဘာဝ ကမ်းဇော်နှင့် ဆက်စပ်ထုတ်ကုန်၊ တနင်္သာရီနဲ့ကရင်ပြည်နယ် ဒေသထုတ်ကုန်များ၊ ထန်းရွာ (ထန်းသကြား ထုတ်ကုန်)၊ ရွှေရိုးမေတ္တာ စားသောက်ကုန်နဲ့ လူသုံးကုန်၊ Rain Amber Mu Mu ပယင်းရတနာအချောထည်၊ ဂလိုရီ အော်ဂဲနစ်၊ ရှင်သန်ခြင်းသဘာဝအဆီကျ ပျားသံပရာ၊ မြတ်ပန်းသစ္စာ ရှမ်းရိုးရာချည်ထည်၊ အောင်တော်ဝင် ကျန်းမာရေးအထောက်အကူပြု စားသောက်ကုန်နဲ့ လူသုံးကုန်၊ ပန်းတနော်မြို့နယ် သင်ဖျာလုပ်ငန်းရှင်များ၊ Super Hero ငှက်သိုက်၊ Shwe Poe Yar (ရွှေပိုးရာ) ပယင်းထည်များ၊Future Myanmar မြန်မာ့စားသောက်ကုန်၊ ဒို့ရွှေမြန်မာ တိုင်းရင်းဆေး၊ GA အော်ဂဲနစ်စတဲ့ဆိုင်ခန်းများ ဖြစ်ကြပါတယ်။

ဒ့ါအပြင် ကိုရီးယားနိုင်ငံမှ (PRORANCE) အလှကုန်ပစ္စည်းများ၊ AA Medical, 'Wut Hmone' Trading ကုမ္ပဏီ၊ Synchro World Co.Ltd နဲ့ 'လင်းလွန်းခင် စာပေ' တို့ကလည်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပွဲတော်ကို လာရောက်ကြည့်ရှုသူတွေအနေနဲ့ စာပေဟောပြောပွဲတွေ၊ စာပေစကားဝိုင်းတွေကိုလည်း တဝကြီးနားထောင်ရမယ်၊ မိမိလေးစားအားကျရတဲ့ စာရေးဆရာကြီး ဆရာမကြီးတွေကိုလည်း တစုတဝေးတည်း တွေ့ဆုံမိတ်ဆက်လို့ရတယ်။ သူတို့ ဘာတွေပြောကြမလဲဆိုတာလည်း ရင်ခုန်ခံစားနိုင်ကြမယ်၊ ကာတွန်းဆရာကြီးတွေရဲ့ ကာတွန်းတွေ၊ ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေ၊ ဓာတ်ပုံပြခန်းတွေကို အားပါးတရ ကြည့်ရှုနိုင်ကြမယ်။ စာရေးဆရာ ဆရာမကြီးတွေရဲ့ ဂီတပွဲတော်ကိုလည်း မည်သူမဆို (အခမဲ့)လာရောက်ကြည့်ရှုနိုင်ကြပါတယ်။

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးရဲ့ ကျန်းမာရေးဆေးပေးခန်းလည်းအသင့်ရှိတယ်။ တစ်ဆက်တည်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ ဒေသထွက်ကုန်၊ အော်ဂဲနစ်စားသောက်ကုန်၊ အဝတ်အထည်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ကြမယ်ဆိုတော့ တစ်ချက်ခုတ်ရင် ဆယ်ချက်၊ အချက်နှစ်ဆယ်လောက်ပြတ်မယ့် အင်မတန်ထူးကဲတဲ့ပွဲတော်ကြီးဖြစ်လို့ မမေ့မလျော့၊ လက်မလွှတ်တမ်း လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

ဒါကြောင့် အောက်တိုဘာလ ၂၅၊ ၂၆၊ ၂၇ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ ပွဲတော်တည်ရှိရာ သိမ်ဖြူလမ်းကို အရောက်လာကြဖို့ ထပ်မံနှိုးဆော်ရင်း မိုးမိုးအင်းလျားရဲ့ (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေပွဲတော်၊ အနုပညာပွဲတော်နဲ့ ဈေးရောင်းပွဲတော်များအတွက် အကြိုခံစားတင်ပြလိုက်ရပါတော့တယ်။ ။

# မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရတနာရောင်းချပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**
ပထမအကြိမ် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ Mandalay Convention Centre(MCC) တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် (နေပြည်တော်) ဒုတိယဥက္ကဋ္ဌ ဦးလှစိုးဦး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကျောက်မျက်ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မြန်မာနိုင်ငံတွင် သယံဇာတတွင်းထွက် ကျောက်မျက်ရတနာများ ပေါကြွယ်ဝစွာ ထွက်ရှိသော်လည်း တူးဖော်ထုတ်ယူ သုံးစွဲရာတွင် တာဝန်သိရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် စီမံခန့်ခွဲနိုင်ရန် ချန်ထားနိုင်ရေးအတွက် တူးဖော်လိုသူတိုင်းအတွက် တူးဖော်ခွင့်ပေး၍ မရပါကြောင်း၊ ကျောက်မျက်ရတနာလုပ်ကွက်များအား စနစ်တကျ ချထားပေးသော်လည်း သတ်မှတ်ချက်ထက် ပိုမိုတိုးချဲ့၍ တူးဖော်နေမှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဒဏ်ကို ဒေသခံဆင်းရဲသားပြည်သူများ ခံစားနေရကြောင်း၊ မန္တလေးဒေသတွင် ကျောက်စိမ်းမထွက်သော်လည်း ကျောက်စိမ်းဈေးကွက်မှာ မန္တလေးမြို့တွင် အခြေပြုသည့်အတွက် ယခုလို ကျောက်စိမ်းရောင်းချသည့် ပွဲမျိုးကို မန္တလေးတွင် နှစ်စဉ် ရာသီအလိုက် ကျင်းပသည့် ပွဲတော်များကဲ့သို့ ကျင်းပနိုင်စေရန်နှင့် ယခု အစပျိုးကျင်းပသည့် မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်စိမ်းပွဲတော်မှ အခွင့်အခါသင့်သည့်အချိန်တိုင်း အခြားငွေကြေးများဖြင့်လည်း ရောင်းချနိုင်သည့် ပွဲတော်များအဖြစ် ဆက်လက်ကျင်းပနိုင်ရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးသန်းဝင်းက မန္တလေးမြို့သည် ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း အများဆုံးအခြေစိုက်သည့် ဒေသဖြစ်သည့်အတွက် ယခုလိုပြပွဲမျိုးကျင်းပနိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စိမ်းအရောင်းပြပွဲကျင်းပခြင်းဖြင့် ကျောက်စိမ်းဈေးကွက်ကောင်းမွန်လာမှုနှင့်အတူ အခြားစီးပွားရေးလုပ်ငန်းများအတွက်လည်း ကောင်းမွန်လာနိုင်ကြောင်း၊ ကျောက်စိမ်းလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိမိတို့ ကျောက်လောကသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ဆက်လက်၍ ကျောက်မျက်ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇောအောင်ကလည်း ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့သည် ခင်းကျင်းရောင်းချလျက်ရှိသည့် ကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါကျောက်စိမ်းအရိုင်း၊ အချောထည်နှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ကျောက်စိမ်းအရိုင်း အတွဲပေါင်း ၂၉၅၀ ကျော်အား တင်ဒါစနစ်ဖြင့် ရောင်းချပေးမည့်အပြင် ကျောက်စိမ်းအချောထည်များကိုလည်း ပြခန်းပေါင်း ၄၀ ကျော်ဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအရိုင်းအတွဲများအား ဝင်ရောက်လေ့လာကြည့်ရှုဝယ်ယူရန် ဝင်ကြေးကို ပြည်တွင်းရတနာကုန်သည်တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းနှင့် ပြည်ပရတနာကုန်သည်များအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပြပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)၊**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**



# စာရေးဆရာကြီး ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၄၁ နှစ်ပြည့် အောက်မေ့ဖွယ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**
စာရေးဆရာကြီး ဗန်းမော်တင်အောင် ကွယ်လွန်ခြင်း ၄၁ နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေ (YMCA)ခန်းမ၌ ကျင်းပရာ စာပေအသိုင်းအဝိုင်းနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာကြီး ဦးအံ့မောင်ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ ကိုကိုကျွန်းပြန် ဦးလှချို၊ ဗန်းမော်တင်အောင် ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီမှ ဦးမြင့်သိန်းနှင့် ကဗျာဆရာ ဖြိုးထိန်တို့က အောက်မေ့ဖွယ် အမှတ်တရစကားများ ပြောကြားခြင်းနှင့် အမှတ်တရ ကဗျာရွတ်ဖတ်ခြင်း၊ စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ သားဖြစ်သူ ဦးဗဟိန်းအောင်က အမှတ်တရစကား ပြောကြားခြင်းနှင့် ဗန်းမော်တင်အောင် ရာပြည့်အခမ်းအနား ကျင်းပရေးအတွက် အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ သားဖြစ်သူ ဦးဗဟိန်းအောင်က "လာမယ့် ၂၀၂၀ ပြည့်နှစ် ဇွန်လမှာ ကျင်းပမယ့် ရာပြည့်အခမ်းအနားအကြိုအဖြစ် ကျင်းပတာပါ။ ကျွန်တော့်အနေနဲ့ အဖေကွယ်လွန်ခြင်း နှစ် ၂၀ ပြည့်၊ ၂၅ နှစ်ပြည့်၊ နှစ် ၃၀ ပြည့်၊ ၃၉ နှစ်ပြည့်၊ နှစ် ၄၀ ပြည့်နဲ့ ၄၁ နှစ်ပြည့် အမှတ်တရပွဲတွေ လုပ်ခဲ့ပါတယ်။ အဓိက ကတော့ အဖေ့စာမူခတွေထဲက ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖောင်ဒေးရှင်းနဲ့ ကိုကိုကျွန်းပြန် ရဲဘော်များအဖွဲ့ စတဲ့ အဖွဲ့အစည်းတွေထံ လှူဒါန်းဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

စာရေးဆရာ ကိုလေးမြတ်က "ဆရာကြီးက စာပေတွေ အမြောက်အမြား ရေးသားခဲ့တယ်။ တစ်ကျွန်းလည်း အပို့ခံရတယ်။ အထူးသဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့နဲ့တွဲပြီး ပြည်တွင်းငြိမ်းချမ်းရေးရအောင် ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေအတွက် မားမားမတ်မတ် ရပ်တည်ခဲ့သလို မျိုးဆက်သစ်တွေအတွက် စာပေတွေ ပြုစုရေးသားခဲ့ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့ စကားက သားဖြစ်သူကို ပြောခဲ့တဲ့ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့တိုင်းတာရမှာ ပဲဆိုတဲ့ စကားပဲဖြစ်ပါတယ်။ ခေတ်လူငယ်တွေ ကျင့်သုံးသင့်တဲ့စကားဖြစ်ပါတယ်"ဟု ပြောသည်။

စာရေးဆရာကြီး ဗန်းမော်တင်အောင်ကို ၁၉၂၀ ပြည့်နှစ် ဇွန် ၉ ရက်တွင် ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၃၅-၁၉၃၈ ခုနှစ်တွင် ရန်ကုန်ဟိုက်စကူးကျောင်းမှ ၁၀ တန်းအောင်ပြီး ၁၉၃၈ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ အလုပ်သင်သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၆-၁၉၃၈ ခုနှစ်ကာလများအတွင်း ကျောင်းသားသမဂ္ဂလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် စာပေစတင်ရေးသားခဲ့ပြီး လုံးချင်းဝတ္ထု ၄၅ အုပ်နှင့် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ဝတ္ထုတိုပေါင်းချုပ်၊ မဂ္ဂဇင်းဝတ္ထုရှည်များ၊ သိပ္ပံကျမ်း၊ နိုင်ငံရေးသဘောတရားကျမ်းများကို ရေးသားခဲ့သည်။ စာရေးဆရာကြီး ဗန်းမော်တင်အောင်သည် ၁၉၇၈ ခုနှစ် အောက်တိုဘာ ၂၃ ရက် အသက် (၅၉) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ယခုအခါ ပဲခူးမြို့တွင် ဗန်းမော်တင်အောင်ရာပြည့် အဆောက်အအုံတစ်ခုကို ရာပြည့်အထိမ်းအမှတ်အမီ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။
**သတင်း-မွန်းဦးနဒီ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၂၆ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းသစ်ထွဏ်း၏ မောင်တီထွင်၊ ကာတွန်းသက်စု၏ အလှမက်လို့၊ ကာတွန်းသူရ၏ ကျောက်ခေတ်ကမ္ဘာ၊ ကာတွန်းမင်းကောင်းကို၏ ပုပု၊ ကာတွန်းကိုကောင်း၏ ကျောင်းမှန်မှန်တက် စာမခက်၊ ကာတွန်းကိုသင်း၏ အာတူးအပြင် ရှေးဟောင်းအီဂျစ်ပြည်အကြောင်း သိကောင်းစရာ၊ လေပေါဦးဇီးကွက် ၊ ရွှေသွေးတို့ပျော်စရာ၊ ရွှေသွေးစကားဝိုင်း၊ ပုံပြင်နှင့် ကဗျာ စသည့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



❂ ကျောဖုံးမှ

ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်က အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် သူမ၏ တာဝန်ထမ်းဆောင်သည့် ကာလတစ်လျှောက်အတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြောကြားချက်များသည် သမာသမတ်မကျ၊ ဓမ္မဓိဋ္ဌာန်မကျဘဲ မြန်မာပြည်သူများ၏ ခံစားချက်နှင့် စိတ်ရင်းမှန်များကို အမြဲလျစ်လျူရှုလျက်ရှိကြောင်း၊ ယင်းလုပ်ရပ်များကြောင့် အသိုက်အဝန်းအမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအတွင်း အချင်းချင်းသဘောထားကွဲပြားမှု၊ ယုံကြည်မှုကင်းမဲ့လာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိတို့အနေဖြင့် သူမ၏ လုပ်ရပ်များအပေါ် အထူးစိုးရိမ်မိကြောင်း၊ မစ္စ ယန်ဟီလီ၏ အစီရင်ခံစာတွင် ဖော်ပြထားသော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် ဆက်လက်ပြီး ဆိုးရွားဆုတ်ယုတ်လျက်ရှိသည်ဆိုသည့် ခြုံငုံသုံးသပ်ချက်နှင့်ပတ်သက်ပြီး များစွာ စိတ်ပျက်မိကြောင်းဖြင့် ပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆိုင်ရာဆောင်ရွက်မှုများ စသည့် တိုးတက်မှုများအား အစည်းအဝေးသို့ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ဒါရူစမန်၏ ပြောကြားချက်များနှင့် ပတ်သက်ပြီး တုံ့ပြန်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ယင်းအချက်အလက်ရှာဖွေရေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ ထို့အတူ အချက်အလက်ရှာဖွေရေးအဖွဲ့ သက်တမ်းကုန်ဆုံးသည့်နောက် ဆက်လက်တာဝန်ယူဆောင်ရွက်မည့် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးယန္တရားဆိုသည့် Independent Investigative Mechanism (IIM) ကိုလည်း လက်မခံကန့်ကွက်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးယန္တရားဆိုသည်မှာ ခွဲခြားဆက်ဆံမှုအလေ့ကို အခြေခံလျက် နိုင်ငံတစ်နိုင်ငံအား စိစစ်စုံစမ်းမှုပြုလုပ်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့၏ လုပ်ထုံးလုပ်နည်းများမှ သွေဖည်ပြီး လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုသာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

❒ **အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် သူမ၏ တာဝန်ထမ်းဆောင်သည့် ကာလတစ်လျှောက်အတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြောကြားချက်များသည် သမာသမတ်မကျ၊ ဓမ္မဓိဋ္ဌာန်မကျဘဲ မြန်မာပြည်သူများ၏ ခံစားချက်နှင့် စိတ်ရင်းမှန်များကို အမြဲလျစ်လျူရှုလျက်ရှိ၊**

❒ **ယင်းလုပ်ရပ်များကြောင့် အသိုက်အဝန်းအမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအတွင်း အချင်းချင်းသဘောထားကွဲပြားမှု၊ ယုံကြည်မှုကင်းမဲ့လာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိတို့အနေဖြင့် သူမ၏ လုပ်ရပ်များအပေါ် အထူးစိုးရိမ်မိ၊**

ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်က အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာများသည် ဇာတ်ကြောင်းပြန်ဆိုပြောကြားမှုများအပေါ် အခြေခံထားကြောင်း၊ အထောက်အထားမဲ့ ရေးသားထားပြီး မြန်မာ့လုံခြုံရေးတပ်ဖွဲ့များကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ပုံဖော်ထားသော်လည်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လများတွင် ဖြစ်ပေါ်ခဲ့သည့် ARSA မှ လုံခြုံရေးကင်းစခန်းများအား ဝင်ရောက်တိုက်ခိုက်မှုများနှင့် ယင်းတို့၏ အကျိုးဆက်များအဖြစ် ယခုကြုံတွေ့နေရသည့် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများ ဖြစ်ပေါ်လာရခြင်းကို ထည့်သွင်းပြောကြားခြင်းမရှိဘဲ ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားခဲ့ကြောင်း၊ သက်သေအထောက်အထား အထင်အရှားရှိသည့် ရခိုင်ပြည်နယ်အတွင်း ဟိန္ဒူများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ ရခိုင်တိုင်းရင်းသားများ သတ်ဖြတ်ခြင်းခံရမှုများကို တစ်ကြိမ်တစ်ခါမျှပင် ရှုတ်ချပြောဆိုမှုမျိုး မရှိခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇားဘက်ခြမ်းရှိ ဒုက္ခသည်စခန်းများအတွင်း လုံခြုံရေးအခြေအနေများနှင့်ပတ်သက်ပြီး ARSA အနေဖြင့် စခန်းများအတွင်း ခြိမ်းခြောက်မှုများ ပြုလုပ်နေမှုများကို အမြန်ဆုံးအရေးယူဆောင်ရွက်သွားရန် အရေးကြီးကြောင်းကိုလည်း ထောက်ပြပြောကြားခဲ့သည်။

**သန္နိဋ္ဌာန်ချထားပြီးဖြစ်**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများအား အလေးအနက်ထားလျက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့ရာတွင် ရခိုင်ဒေသအရေးကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တစ်ဖက်သတ် ဆောင်ရွက်နေသည်ဟု ပြည်သူများအကြား ခံစားမှုများ ပိုမိုကြီးထွားလာနေကြောင်း၊ သို့သော်လည်း ယခုရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား တန်ပြန်ရင်ဆိုင်ရာတွင် မိမိတို့နှင့်အတူ ရပ်တည်ပေးနေသည့် ရပ်နီးရပ်ဝေးရှိ မိတ်ဆွေကောင်းများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ အင်အားနှင့် ညီညွတ်မှုကိုအခြေခံပြီး ဖြေရှင်းကျော်လွှားသွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ



မိမိတို့သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်း လုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်စဉ်။



မိမိတို့သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်း ဆောင်ရွက်စဉ်။

**မောင်တော အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မိမိတို့သဘောဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူ အိမ်ထောင်စု ငါးစုမှ ကျား ၁၈ ဦး၊ မ ၁၁ ဦး စုစုပေါင်း ၂၉ ဦးအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေးတာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်း လုံခြုံရေးဆိုင်ရာရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အိမ်ထောင်စု ငါးစုရှိ ကျား ကိုးဦး၊ မ ရှစ်ဦး ပေါင်း ၁၇ ဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ မွန်းတည့် ၁၂ နာရီတွင် ပြီးစီးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းက လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ လှဖိုးခေါင်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် လွှဲပြောင်း/လက်ခံဆောင်ရွက်ကြပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စု ငါးစုရှိ လူဦးရေ ၂၉ ဦးတို့သည် ယခင်နေရပ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၊ တောင်ပြိုယာ၊ မြောချောင်း၊ ကြိမ်ချောင်း ၊ ကျောက်ချောင်း(ရွာသစ်) ၊ ဒိုးတန်းကျေးရွာတို့မှဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ကာ ညနေ ၄ နာရီတွင် စခန်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

**ဇော်ဇော်ဆန်း( ပြန်/ဆက် )**

❖ ကမ္ဘာ့ဝူရှူးပြိုင်ပွဲမှ

ပြိုင်ပွဲဝင်နိုင်ငံ ၁၀၀ ကျော်ရှိခဲ့ကာ ဆုတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ ကစားသမား ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကုန်ကျစရိတ်များကို မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးခင်မောင်လေးနှင့်အဖွဲ့က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။ ဦးခင်မောင်လေးသည် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် စတင်တည်ထောင်ချိန်တွင် ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူခဲ့ပြီး ၂၀၀၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကာ မြန်မာဝူရှူးအားကစားအဖွဲ့ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများစွာရယူနိုင်ရန် ပြုစုပျိုးထောင်ပေးခဲ့သူဖြစ်သည်။

မြန်မာဝူရှူးအဖွဲ့တွင် **အုပ်ချုပ်သူ-** ဦးဇော်ဇော်မိုး၊ **နည်းပြ-**ဦးဖြိုးဝေမြင့်၊ ဒေါ်ခိုင်ခိုင်မော်၊ **ကစားသမားများအဖြစ်** အမျိုးသား-ငြိမ်းချမ်းကိုကို၊ သိန်းသန်းဦး၊ မျိုးမင်းကြီး၊ ခန့်မင်းထက်၊ မင်းခန့်ဇော်၊ အမျိုးသမီး-စန္ဒီဦး၊ အေးသစ္စာမြင့်နှင့် မြတ်နိုးအိမ်တို့ ပါဝင်သည်။ ယခုပြိုင်ပွဲတွင် အဆင့် ၁ မှ ၈ အတွင်း ရရှိသူများသည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့ဖလား ဝူရှူးထောက်လုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုစိုင်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ချက်များမိတ်ဆက်

**မန္တလေး အောက်တိုဘာ ၂၃**

အိမ်အကူအလုပ်သမားများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ချက်များ မိတ်ဆက်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် Hotel Sakura Princess ချယ်ရီခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အိမ်အကူအလုပ်သမားများအတွက် ဥပဒေကာကွယ်စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်စုစုငယ် (ကျား/မတန်းတူညီမျှရေးကွန်ရက်)က မိတ်ဆက်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင်များဖြစ်သည့် ဒေါ်သက်သက်အောင် (အနာဂတ်အလင်းတန်းဆုံမှတ်)၊ ဒေါ်နော်ဖောဝါး(ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်)၊ ဒေါ်လှလှရီ (ဥပဒေရေးရာကုစားရေးအဖွဲ့)နှင့် ဦးနေဝင်းနိုင်(ပဋ္ဌမမဏ္ဍိုင်အဖွဲ့)တို့က အိမ်အကူလုပ်သားများ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့် အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ချက်များမှ အဓိကလေ့လာတွေ့ရှိချက်များနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက အိမ်အကူလုပ်သားများဆိုင်ရာ မြန်မာနိုင်ငံ၏ဥပဒေများကို လေ့လာဆန်းစစ်သုံးသပ်ချက်များနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးခဲ့ ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်မှ ဒေါ်ထွေးထွေးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

## မိုးကောင်း၌ ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးမည်

**မိုးကောင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေး/ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်တွင် မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**အပိုဆောင်းတိုက်ကျွေးမည်**

မိုးကောင်းမြို့နယ်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် ဆောင်ရွက်ခဲ့သည်။ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးကို အပိုဆောင်းအနေဖြင့် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကောင်းမြတ်စံက ပြောသည်။

မွေးကင်းစမှ အသက်ငါးနှစ်ခွဲအထိ ကလေးငယ်များကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ပြီး အသက်ကိုးလမှ ငါးနှစ်ခွဲအထိ ကလေးငယ်များကို ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုထပ်မံလျှော့ချနိုင်ရန်နှင့် ၂၀၂၃ ခုနှစ်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကင်းဝေးစေရန်တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရထားသံလမ်းများတင်ဆောင်လာသော ရှစ်စင်းမြောက်ပင်လယ်ကူးသင်္ဘော ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့် ရထားသံလမ်းတန်ချိန် ၂၈၄၇ တန်၊ သံလမ်းအချောင်း ၂၂၆၀ ကို သယ်ဆောင်လာသော ရှစ်စင်းမြောက်သင်္ဘောဖြစ်သည့် JAIKLI အမည်ရှိ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောကြီးမှာ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ဆူးလေဆိပ်ကမ်းသို့ဆိုက်ကပ်ရောက်ရှိခဲ့သည်။

အဆိုပါ ရှစ်စင်းမြောက်ရောက်ရှိလာသော ရထားသံလမ်းများကို CP-102 (ပဲခူး-ညောင်လေးပင်) လမ်းပိုင်းတွင် အသုံးပြုမည်ဖြစ်ပြီး ယင်းလမ်းပိုင်းအတွက် ငါးကြိမ်မြောက်အဖြစ် ရထားသံလမ်းများ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဂျပန်နိုင်ငံမှ ODA Loan ဖြင့် ဝယ်ယူထားသော ရထားသံလမ်းများ ယခုနှစ်မေလဆန်းက ရန်ကုန်ဆိပ်ကမ်းသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ချေးငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ သုံးစွဲမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်လုပ်ဆောင်သွားမည်ဖြစ်သည်။

ယခု အစားထိုးဆောင်ရွက်မည့် ဂျပန်သံလမ်းများမှ သံလမ်းအဆက်များကို နည်းပညာသစ်ဖြင့် ဆောင်ရွက်ထားသောကြောင့် သံလမ်းဆောင့်မှုနည်းပါးပြီး ခရီးသွားပြည်သူများ ရထားပေါ်၌ သက်သောင့်သက်သာ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**



အောက်တိုဘာ ၂၁ ရက်က ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြင့်စိုးက ပြည်သူများအား ပညာပေးဟောပြောစဉ်။

အောင်ကို



ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများတွင် အခွန်ထမ်းဆောင်နေကြသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိသည့် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းရောင်းချသော လုပ်ငန်းရှင်များအား အောက်တိုဘာ ၂၃ ရက်က ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားစဉ်။

ကြေးမုံ

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲကစားမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်ကာ တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ၌ ရှစ်ရက်ကြာ သွားရောက်ကာ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်အမျိုးသမီးလိဂ် ချန်ပီယံအသင်းဖြစ်သည့် Jiangsu Suning Women’s FC နှင့် ခြေစမ်းပွဲ တစ်ပွဲ၊ China Women’s Youth Selection Team နှင့် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်ခရီးစဉ်အပြီးတွင် ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် တရုတ်(တိုင်ပေ)အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၁၆ ရက်တွင် စတင်လေ့ကျင့်လျက်ရှိပြီး ယခုလကုန်အထိ ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ နိုဝင်ဘာလမှ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မူလက နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ပျက်ပြယ်ခဲ့သောကြောင့် တရုတ်ခြေစမ်းခရီးစဉ်ကို ရက်အပြောင်းအလဲပြုလုပ်ကာ နိုဝင်ဘာ ၈ ရက်တွင် သွားရောက်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ယူ-၁၉ အသင်းမှ ကစားသမား ခုနစ်ဦး ရွေးချယ်ထားပြီး သွေးသစ်လောင်း ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ **ဂိုးနည်းပြ**- ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုး**-မေဇင်နွယ်၊ သန္တာဦး၊ မြဖူးငုံ၊ ဇူးလတ်နဒီ၊ **နောက်တန်း**-အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ ဇွန်ယုယဦး၊ **အလယ်တန်း**- ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ငယ်ငယ်ထွေး၊ ခိုင်သဇင်ဦး၊ ရီရီဦး၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ မေသူကျော်၊ ပုံ့ပုံ့ပြည့်မောင်၊ မြတ်နိုးခင်၊ မိုးမိုးသန်း၊ **ရှေ့တန်း**- ဂျူလိုင်ကျော်၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

## တရုတ်(တိုင်ပေ)တွင် ပထမဆုံး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (တိုင်ပေ)နှင့် မြန်မာ မာရှယ်အတ်စ်ဂရု(ပ်)တို့ ပူးပေါင်းစီစဉ်သော မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို တရုတ်(တိုင်ပေ) မြို့တော်တိုင်ပေ၌ အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

ပွဲစဉ်များတွင် ၇၁ ကီလိုတန်းတွင် ဖြိုးသီဟ(မြန်မာ)က သန့်သင့်ယွမ်(တိုင်ပေ)ကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ၇၇ ကီလိုတန်းတွင် ဝီလ်ချုပ်(အမေရိကန်)က ချန်ချင့်ရွှေ(တိုင်ပေ)ကို အလဲထိုးဖြင့်လည်းကောင်း၊ ၆၂ ကီလိုတန်းတွင် နီရှိဇာဝါတာကူယာ(ဂျပန်)က ဘွိုင်ကာ(မြန်မာ) ကို စတုတ္ထအချီတွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။ ၉၀ကီလိုတန်းတွင် ဖိုးသားကြီး(မြန်မာ)က ဝူဒေါင်ဆင်း(တိုင်ပေ)ကို ပထမအချီအပြီးတွင် ဝူဒေါင်ဆင်း ဆက်လက် မယှဉ်ပြိုင်နိုင်တော့သဖြင့် ဖိုးသားကြီး(မြန်မာ)က အနိုင်ရရှိသွားသည်။ အမျိုးသမီး ၅၆ ကီလိုတန်းတွင် ရွှေကိုလေးနှင့် နန်းအမွေဟွမ်တို့ လေးချီထိုးသတ်ပြီး သရေဖြစ်သွားသည်။

တိုင်ပေရှိနိုင်ငံအသီးသီးမှ ကိုယ်ခံပညာ ကစားသမားများကလည်း မြန်မာ့ရိုးရာ လက်ဝှေ့ကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာ မာရှယ်အတ်စ်ဂရု(ပ်)၏ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ''ပထမဆုံး ပြိုင်ပွဲဖြစ်တဲ့အတွက် လိုအပ်ချက်လေးတွေ ရှိပါတယ်။ ဒါပေမယ့် ပရိသတ်ရဲ့ အားပေးမှုက သိပ်ကောင်းပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာလည်း တိုင်ပေမှာ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေ ဆက်လက်ကျင်းပဖို့ စီစဉ်နေပါတယ်။ ဒုတိယပွဲကတော့ မတ်လထဲမှာ ဖြစ်ပါလိမ့်မယ်''ဟု ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ့ရိုးရာလက်ဝှေ့ကျော် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဦးနိုင်၊ နှစ်ဦးသရေနှင့် တစ်ဦးရှုံး ရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**မင်းခတ်**



ဖိုးသားကြီး(မြန်မာ)နှင့် ဝူဒေါင်ဆင်း(တိုင်ပေ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကထုတ်ဝေသော သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၁၉) ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၁၉" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတ ပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။ ယခု ၂၀၁၉ ခုနှစ် စာအုပ်သည် ယခင်နှစ်များက ထုတ်ဝေခဲ့သော စာအုပ်များထက် ဖတ်ရှုသူစာဖတ်ပရိသတ်များ ပိုမိုအဆင်ပြေစွာ ဖတ်ရှုနိုင်ရန် ပိုမိုကြီးမားသော စာအုပ်အရွယ်အစားနှင့် ပိုမိုပြည့်စုံသည့် အချက်အလက်များဖြင့် ကဏ္ဍစုံလင်စွာပြုစုပြီး စာမျက်နှာ (၁၆၇) မျက်နှာကို ထပ်တိုးဖော်ပြထားပါသည်။

ဤစာအုပ်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များပါသည့်အပြင် မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မြန်မာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။

အလားတူပင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် (၃၅၀၀) နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂၈)၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ရွှေစာပေတိုက်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ပြီ ဖြစ်ပါသည်။

**သတင်းစဉ်**


## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၉)

ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူလတ်များ ပညာရွှန်းရည်ပြည့်ဝစေရန်၊ သင်တန်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေရန်နှင့် သိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၉) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၉) စာအုပ်တွင် -

- မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ
- နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ
- နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ
- သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ
- ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ
- နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ
- ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် အခြားသိမှတ်ဖွယ်ရာများ ပါဝင်ပါသည်။



**ဝယ်ယူရရှိနိုင်မည့် နေရာများ**

- ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၃၄၁၂၃၇၁။
- ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန် ဖုန်း - ၀၁ ၂၀၁၉၃၆၊ ၀၁ ၃၇၁၃၄၂၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ရွှေစာပေတိုက်။


## ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၉၉ / ၂၀၁၉ )**
၁၃၈၁ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၉ ခုနှစ် ၊ အောက်တိုဘာလ ၂၃ ရက် )

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကမ္ဘောဇတာဝါ၊ အမှတ်(၁၀/ဘီ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၂) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ် (၈) တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (United Nationalities Democracy Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၁၀-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party) ၏ အလံပုံစံ**



**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ ဇလ

## အာဆီယံဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာအသင်း အုပ်စုဒုတိယရပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ) ၌ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် အင်ဒိုနီးရှားအသင်းက အုပ်စုပထမ၊ ဗီယက်နမ်အသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် မြန်မာအသင်း၊ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တရုတ်ပြည်မကြီးသို့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ဟောင်ကောင် တရားဝင်ရုပ်သိမ်း

**ဟောင်ကောင် အောက်တိုဘာ ၂၃**
လများစွာကြာသည့် လူထုဆန္ဒပြပွဲများ ပေါ်ပေါက်စေခဲ့သည့် အငြင်းပွားဖွယ် တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ဟောင်ကောင်အစိုးရက တရားဝင်ရုပ်သိမ်းလိုက်သည်။ ဥပဒေပြုကောင်စီက ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက ယင်းဥပဒေကြမ်း ရုပ်သိမ်းခြင်းလုပ်ငန်းစဉ်ကို အပြီးသတ်ခဲ့သည်။

ယင်းဥပဒေကြမ်းကို ပြီးခဲ့သည့်အပတ်က ရုပ်သိမ်းရေးဆောင်ရွက်ရန်ရှိသော်လည်း ဒီမိုကရေစီ ထောက်ခံသည့် ဥပဒေပြုအမတ်များက လုပ်ငန်းစဉ်များကို နှောင့်ယှက်ခဲ့သည့်အတွက် ဥပဒေကြမ်းရုပ်သိမ်းရေး ကြန့်ကြာခဲ့ရသည်။

ယင်းဥပဒေကြမ်းသည် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများကို ရုံးတင်စစ်ဆေးရန်အတွက် တရုတ်ပြည်မကြီးသို့ လွှဲပြောင်းပို့ဆောင်ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။ ယင်းဥပဒေကြမ်းသည် ပြီးခဲ့သည့် ဇွန်လက ကြီးမားသည့် လူထုဆန္ဒပြပွဲများကို ဖြစ်ပေါ်စေခဲ့ပြီး ဟောင်ကောင် လူထုအများစုက ယင်းဥပဒေကြမ်းသည် တရုတ်အစိုးရ၏ ဩဇာလွှမ်းမိုးမှုကြီးထွားလာမှုကိုပြသည့် လက္ခဏာဖြစ်သည်ဟု ပြောကြသည်။

လူထုအုံကြွမှုပြင်းထန်လာခြင်းကြောင့် ဟောင်ကောင် အုပ်ချုပ်ရေးအရာရှိချုပ် ကယ်ရီလမ်းက ဥပဒေပြုအဖွဲ့ ပြန်လည်အစည်းအဝေး ကျင်းပသည့်အခါ ယင်းဥပဒေကြမ်းကို ရုပ်သိမ်းပေးမည်ဟု ပြီးခဲ့သည့်လက ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို ဆန္ဒပြသူများ၏ တောင်းဆိုချက်များကို ဖြေရှင်းပေးရန် ကြိုးစားမှုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ခဲ့ကြသည်။

သို့သော်လည်း ဆန္ဒပြသူများက ယခုအခါ ကယ်ရီလမ်းကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုနေကြသည်။ ဆန္ဒပြသူများက ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် ရဲတပ်ဖွဲ့အနေဖြင့် အင်အားအလွန်အကျွံ အသုံးပြုခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးပေးရန် လိုလားနေကြသည်။

ဥပဒေပြုအမတ်များက ဆန္ဒပြပွဲများတွင် မျက်နှာဖုံး မတပ်ရဟုတားမြစ်သည့် စည်းကမ်းသတ်မှတ်ချက်ကို ဆွေးနွေးရန် စီစဉ်နေကြသည်။ ယင်းစည်းကမ်းသတ်မှတ်ချက်သည် ပြင်းပြင်းထန်ထန် ဝေဖန်မှုခံခဲ့ရပြီး ပြီးခဲ့သည့်လ



အစောပိုင်းက ဟောင်ကောင် အရေးပေါ်အခြေအနေ ဥပဒေ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းစည်းကမ်းသတ်မှတ်ချက်ကို ဥပဒေပြုအဖွဲ့က နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံး အသုံးပြုခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ဇော်လင်း**



# ဘရက်ဆစ်အရေး ဥရောပခေါင်းဆောင်များ ဆွေးနွေး

**လန်ဒန် အောက်တိုဘာ ၂၃**
ဥရောပတစ်ဝန်းမှခေါင်းဆောင်များအနေဖြင့် ဘရက်ဆစ်အရေးအား မည်သည့်နေရာတွင် အချိန်မည်မျှဆိုင်းငံ့ထားမည်ကို ဗုဒ္ဓဟူးနေ့က ဆုံးဖြတ်ခဲ့ကြပြီး ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကမူ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဆန္ဒရှိနေသည်။

**သဘောတူညီချက်ရရှိ**

ပါလီမန်အတွင်းရှိပြင်းထန်သောမဲဆန္ဒပေးမှုများတွင် ဂျွန်ဆင်အနေဖြင့် ၎င်းဆောင်ရွက်လိုသော အောက်တိုဘာ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးနှင့် ပတ်သက်ပြီး ထောက်ခံမှုအပြည့်အဝ ရရှိခဲ့သည်။ သို့သော် ရှုပ်ထွေးသောဘရက်ဆစ်အရေးတွင် ပါလီမန်အမတ်များအနေဖြင့် ဂျွန်ဆင်လိုလားသော ဘရက်ဆစ်ဥပဒေကြမ်းကို ပါလီမန်၏ စိစစ်မှုလျှော့ချလိုခြင်းကို လက်မခံဘဲ ငြင်းဆိုကြသည်။ ဥရောပပါလီမန်၏ဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောကြားရာတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ ထပ်မံတိုးမြှင့်သတ်မှတ်ထားသော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်မတိုင်မီ ဗြိတိန်က ဘရက်ဆစ်နှင့်ပတ်သက်ပြီး သဘောတူညီချက်ရရှိပါက အချိန်သက်သာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုင်ယာလန်ဝန်ကြီးချုပ် လီယိုဘာရာကာက ဒေါ်နယ်တက်စ်အား ပြောကြားရာတွင် မိမိအနေဖြင့် ဘရက်ဆစ်အရေးကို ဇန်နဝါရီ ၃၁ ရက်တွင် ဆောင်ရွက်မည့်အရေးကို ထောက်ခံကြောင်း၊ သို့သော် ဂျာမနီနှင့်ပြင်သစ်တာဝန်ရှိသူများအနေဖြင့် ဘရက်ဆစ်အရေးကို ထိုအချိန်ထက်စောပြီး ပြီးမြောက်စေလိုသည့် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ လန်ဒန်မှပါလီမန်အမတ်များအား ဘရက်ဆစ်အရေးကို အတည်ပြုနိုင်ရန် သီတင်းနှစ်ပတ်သုံးပတ်မျှအချိန်ပေးခြင်းသည် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ သို့သော် ဘရက်ဆစ်အရေးကို ဇန်နဝါရီလကုန်အထိ ရွှေ့ဆိုင်းခဲ့ပါက မည်သည့်အတွက်ကြောင့် ထိုသို့ဆောင်ရွက်ရသည်ကို မိမိတို့သိရှိရန်လိုအပ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမတ်စ်က ပြောကြားသည်။

**ဆွေးနွေး**

ပြင်သစ်နိုင်ငံ၏ ဥရောပဆိုင်ရာဝန်ကြီးဖြစ်သူ အေမီလီဒီမောင့်ချာလင်က “ကျွန်တော်တို့ရဲ့အမြင်ကတော့ ဗြိတိန်ပါလီမန်ကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်နိုင်ဖို့အတွက် ရက်အနည်းငယ်တိုးပေးလိုက်တာဟာ တရားမျှတပါတယ်”ဟု ပြောကြားခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်များအနေဖြင့် ဗုဒ္ဓဟူးနေ့တွင် ဘရပ်ဆဲလ်တွင် တွေ့ဆုံပြီး ဘရက်ဆစ်အရေး ဆုံးဖြတ်မည့်လုပ်ငန်းစဉ်အား ဆွေးနွေးရန်ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ကနေဒါဝန်ကြီးချုပ် ဂျက်စတင်းထရူဒိုး၏ လစ်ဘရယ်ပါတီရွေးကောက်ပွဲတွင် အနိုင်ရ

**အော့တဝါ အောက်တိုဘာ ၂၃**
ကနေဒါဝန်ကြီးချုပ် ဂျက်စတင်းထရူဒိုး၏ လစ်ဘရယ်ပါတီက ရွေးကောက်ပွဲတွင် နာတစ်ဖျားအသာဖြင့် အနိုင်ရရှိခဲ့ပြီး လူနည်းစုများကို ကိုယ်စားပြုသော အစိုးရကိုသာ ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။ နံနက် ၂ နာရီတွင် ထုတ်လွှင့်သော ရုပ်မြင်သံကြားသတင်းများအရ မဲဆန္ဒနယ် ၃၃၈ ခုအနက် ၁၅၆ နေရာတွင် လစ်ဘရယ်များက အနိုင်ရရှိပြီး ထရူဒိုး၏ အဓိကပြိုင်ဘက်မှာ ၁၂၂ နေရာသာ အနိုင်ရရှိခဲ့သည်။

ထရူဒိုးအနေဖြင့် ပါတီငယ်များအားညွန့်ပေါင်းပြုထားသောအစိုးရအဖွဲ့ကို မကြာမီဖွဲ့စည်းပြီး နိုင်ငံကိုဆက်လက်အုပ်ချုပ်သွားရန် ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းဦးဆောင်သောအစိုးရအဖွဲ့အနေဖြင့် ပထမဆုံးရင်ဆိုင်ရမည့် စမ်းသပ်မှုမှာ ပါလီမန်တွင် ပြောကြားမည့်မိန့်ခွန်းဟု ဥပဒေဆိုင်ရာ အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် အစိုးရအပေါ် ယုံကြည်မှုဆိုင်ရာ မဲဆန္ဒအရေးတို့ဖြစ်သည်။ ယနေ့ညတွင် ကနေဒါလူမျိုးများအနေဖြင့် ခွဲခြားမှုနှင့် အနုတ်လက္ခဏာဆောင်မှု၊ ဘဏ္ဍာရေးလိုငွေပြမှုများကိုငြင်းပယ်ပြီး အပြုသဘောဆောင်သော လုပ်ငန်းစဉ်များနှင့် ရာသီဥတုပြောင်းလဲမှုများအတွက် ခိုင်မာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ၎င်းဦးဆောင်သောအစိုးရအနေဖြင့် ပြင်သစ်စကားပြောဆိုသော ဒေသများတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ နှောင့်နှေးခဲ့သော်လည်း ၎င်းဒေသများအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထရူဒိုးက ပြောကြားသည်။ အသက် ၄၇ နှစ်အရွယ်ရှိ ကျောင်းဆရာဟောင်းထရူဒိုးမှာ ၎င်း၏ ပထမသက်တမ်းလေးနှစ်အတွင်း ကနေဒါနိုင်ငံရေးလောကကို လွှမ်းမိုးနိုင်ခဲ့သော်လည်း ယခုရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးကာလ ရက် ၄၀ အတွင်း အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာများမှ သန်းနှင့်ချီသောကလေးငယ်များအတွက် ရန်ပုံငွေပြတ်လပ်မှုဖြစ်ပေါ်နေ

**ကုလသမဂ္ဂ အောက်တိုဘာ ၂၃**
ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာများမှ သန်းနှင့်ချီသော ကလေးငယ်များသည် ရန်ပုံငွေပြတ်လပ်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ ပေးလျက်ရှိသည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ပြောကြားသည်ကို ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

ယခုနှစ်လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၅၉ နိုင်ငံရှိ ကလေးငယ် ၄၁ သန်း၏ လိုအပ်ချက်ဖြစ်သော အခြေခံကျန်းမာရေး၊ ပညာရေး၊ အစာအာဟာရနှင့် အကာအကွယ်ပေးရေးတို့ကို ဖြည့်ဆည်းပေးရန်လိုအပ်သည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆ ဘီလီယံ၏ တစ်ဝက်ခန့်သာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က လက်ခံရရှိထားကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်၏ ပြောခွင့်ရပုဂ္ဂိုလ် စတီဖာနီဒူဂျာရစ်က ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်၏ နောက်ဆုံးတတိယသုံးလပတ်သို့ ရောက်ရှိလာချိန်တွင် ရန်ပုံငွေပြတ်တောက်မှုကို ဖြည့်ဆည်းရန် ရန်ပုံငွေ ၄၆ ရာခိုင်နှုန်းသာ ရှိကြောင်းလည်း ယူနီဆက်ဖ်က ပြောကြားခဲ့သည်။ ရန်ပုံငွေပြတ်တောက်မှု အရေးပေါ်လိုအပ်သည့် နိုင်ငံများတွင် ပါကစ္စတန်နိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ ဘူကီနာဖာဆိုနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ပါဝင်ပြီး ဆီးရီးယားနိုင်ငံ၊ ယီမင်နိုင်ငံ၊ ကွန်ဂိုနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ အရေးပေါ်ထောက်ပံ့မှုအကြီးမားဆုံး လိုအပ်လျက်ရှိကြောင်း ယူနီဆက်ဖ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဥပမာအားဖြင့် ကွန်ဂိုနိုင်ငံတွင် အီဘိုလာရောဂါ ကူးစက်ခံရသည့် ပတ်ဝန်းကျင်အခြေအနေ တစ်ရပ်ကို ပြန်လည်တုံ့ပြန်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းကို ကာလရှည်ခံစားနေရသည့် နေရာများရှိ လူ့အသိုက်အဝန်းအတွက် မဖြစ်မနေထောက်ပံ့မှုများပေးရန် လိုအပ်မှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်း သိရသည်။

ယူနီဆက်ဖ်၏ အမှုဆောင်ညွှန်ကြားရေးမှူး ဟင်နရီယက်တာဖိုးက ၎င်းတို့အဖွဲ့အနေဖြင့် အရေးပေါ်အခြေအနေများတွင်အသင့်အနေအထားရှိရန်နှင့် ပဋိပက္ခများ အဆုံးသတ်ရေးတောင်းဆိုမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ကလေးငယ်များ၏ အခြေခံအကျဆုံးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အလှူရှင်များ၏ ထောက်ပံ့မှုများ ထပ်မံလိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ဒုတိယသက်တမ်းအတွက် အစိုးရအဖွဲ့သစ်စာရင်း ထုတ်ပြန်

**ဂျကာတာ အောက်တိုဘာ ၂၃**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ငါးနှစ်ကြာ ဒုတိယသက်တမ်းအစိုးရအဖွဲ့သစ်အတွက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အကြီးအကဲတို့ကို ကြေညာလိုက်ပြီဖြစ်သည်။

ဧပြီ ၁၇ ရက်တွင် ပြုလုပ်သည့် သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲ ၄၄ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့သည့် ပြိုင်ဘက်ဟောင်းနှင့် ဗိုလ်ချုပ်ကြီးဟောင်း ပရာဝိုဘိုဆူဘီယန်တိုမှာ အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ပါဝင်လာခဲ့သည်။ အစိုးရအဖွဲ့ကို ဝန်ကြီး ၃၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ဘဏ္ဍာရေးဝန်ကြီးဟောင်း သီရိမူလ်ယာနီနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရတ်နိုမာဆူဒီတို့အပါအဝင် ယခင်သက်တမ်းမှ ဝန်ကြီးများစွာ ပြန်လည်ပါဝင်လာခဲ့သည်။ စက်မှုဝန်ကြီးဟောင်း အာလန်ဂါဟာတာတိုအား စီးပွားရေးဝန်ကြီး၊ အေဂတ်စ်ဆူပါမန်တိုကို ကုန်သွယ်ရေးဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။

သမ္မတဝီဒိုဒိုသည် အသက် ၃၅ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင် နာဒီရမ်မာကာရင်ကို ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ မာကာရင်မှာ အင်ဒိုနီးရှားနိုင်ငံ၌ မော်တော်ဆိုင်ကယ်စီး၍ ဖုန်းဝန်ဆောင်မှုဆောင်ရွက်ပေးသည့် Gojek ကုမ္ပဏီတည်ထောင်သူနှင့် အကြီးအကဲဟောင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် ယခုနှစ်သမ္မတရွေးကောက်ပွဲအတွင်း သမ္မတ၏ မဲဆွယ်စည်းရုံးမှုကို ဦးဆောင်ခဲ့သူ မီဒီယာလုပ်ငန်းရှင်ဟောင်း အဲရစ်ခ်သိုဟာအား နိုင်ငံပိုင်လုပ်ငန်းများ ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

Net Mediatama ရုပ်သံဌာနပိုင်ရှင် ဝစ်ရှိနူတာမာကူဆူဘန်ဒီယိုကို ခရီးသွားလုပ်ငန်းနှင့် တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်ကြီးအဖြစ် ရွေးချယ်ခဲ့သည်။ အစိုးရအဖွဲ့သစ်၏ အဓိကရည်မှန်းချက်မှာ လက်ရှိလိုငွေပြမှုနည်းပါးစေရန်၊ ကုန်သွယ်မှုလိုငွေပြခြင်းမှ ပိုလျှံသည်အထိ ပြောင်းလဲရန်၊ အလုပ်အကိုင်သစ်များ ဖန်တီးရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်ဖြစ်ကြောင်း သမ္မတနန်းတော်၌ ကျင်းပသည့် ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ သမ္မတ ဝီဒိုဒိုက ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးမသေချာမှု ကြုံတွေ့နေရချိန် အင်ဒိုနီးရှားနိုင်ငံ၏ ယိမ်းယိုင်လာသော စီးပွားရေးအခြေအနေများကြောင့် အကြွမ်းဖက်ဝါဒ၊ အကျင့်ပျက်ခြစားမှုနှင့် သောင်းကျန်းမှုတို့မှာ သက်တမ်းသစ်အတွင်း သမ္မတဝီဒိုဒို ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုများဖြစ်သည်။



ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး




## အသံထက်မြန်သော ဘရာမို့စ်ဒုံးကျည် အိန္ဒိယအောင်မြင်စွာစမ်းသပ်ပစ်လွှတ်

**နယူးဒေလီ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံသည် ပုံမှန်လေ့ကျင့်မှု အစိတ်အပိုင်းတစ်ခုအနေဖြင့် မြေပြင်မှ မြေပြင်ပစ် ဘရာမို့စ်ဒုံးကျည်နှစ်စင်းကို လွှန်ခဲ့သည့် နှစ်ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အိန္ဒိယလေတပ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယလေတပ်သည် အဆိုပါ ဒုံးကျည်များကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်က အန်ဒမန်နှင့် နီကိုဘားကျွန်းစုပေါ်ရှိ တရာ့ခ်ကျွန်းမှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ကီလိုမီတာ ၃၀၀ နီးပါးအကွာရှိ သတ်မှတ်ထားသော ပစ်မှတ်များကို အောင်မြင်စွာထိမှန်ခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်များအား အောင်မြင်စွာ စမ်းသပ်ပစ်ခတ်မှုသည် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရာ၌ အိန္ဒိယလေတပ်၏ စွမ်းပကားကို တိုးမြှင့်စေမည်ဖြစ်ကြောင်း အိန္ဒိယလေတပ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဘရာမို့စ်ဒုံးကျည်သည် အသံထက်မြန်သော တာလတ်ပစ်ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး အိန္ဒိယနှင့် ရုရှားပညာရှင်များက ပူးတွဲထုတ်လုပ်သည့် ဒုံးကျည်ဖြစ်သည်။

အလေးချိန် ၂ ဒသမ ၅ တန်ရှိ ဘရာမို့စ်ဒုံးကျည်သည် ကီလိုမီတာ ၃၀၀ ခန့်အကွာရှိ ပစ်မှတ်များကို လေယာဉ်၊ သင်္ဘော၊ ရေငုပ်သင်္ဘောများနှင့် ကုန်းမြေမှ တစ်ဆင့် ထိရောက်စွာ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

## ဆီးရီးယား၌ စစ်ဆင်ရေးသစ်များ လုပ်ဆောင်ရန်မလိုအပ်ဟု တူရကီပြော

**အန်ကာရာ အောက်တိုဘာ ၂၃**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်တပ်ဖွဲ့များအပေါ် နောက်ထပ်စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ အစပြုမည်မဟုတ်ဟု တူရကီနိုင်ငံက ပြောကြားသည်။

အဆိုပါဆုံးဖြတ်ချက်မှာ တူရကီအစိုးရက ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ကာ့ဒ်တိုက်ခိုက်ရေးသမားများကို ဖယ်ရှားရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံနှင့် သဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီးနောက် ဖြစ်လာခြင်းဖြစ်သည်။ ရုရှားစစ်ရဲတပ်ဖွဲ့နှင့် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ နယ်ခြားစောင့်တပ်ဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းမှစ၍ တူရကီ၏ စစ်ဆင်ရေးနယ်မြေပြင်ပရှိ ဇရိယာတစ်ခုသို့ ဝင်ရောက်ရန် တူရကီနှင့်ရုရှားတို့က အောက်တိုဘာ ၂၂ ရက်တွင် သဘောတူခဲ့သည်။

ရုရှားနှင့် ဆီးရီးယားတပ်ဖွဲ့ဝင်များသည် နာရီ ၁၅၀ အတွင်း နယ်စပ်ဒေသမှ ကာ့ဒ်တပ်ဖွဲ့များကို ဖယ်ရှားရန် လုပ်ဆောင်သွားမည့်အပြင် နယ်စပ်ဒေသမှ ၁၀ ကီလိုမီတာအတွင်း ပူးတွဲကင်းလှည့်စောင့်ကြပ်မှုများ လုပ်ဆောင်မည်ဟု ၎င်းတို့က ပြောသည်။ ပြီးခဲ့သော အောက်တိုဘာ ၁၇ ရက်တွင် စတင်ခဲ့သည့် ကာ့ဒ်တပ်ဖွဲ့များအပေါ် တူရကီနိုင်ငံ၏ စစ်ဆင်ရေးဆောင်ရွက်မှုကို ဆိုင်းငံ့ထားစဉ်အတွင်း အမေရိကန်နိုင်ငံ၏ တောင်းဆိုမှုကြောင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကာ့ဒ်တပ်ဖွဲ့များက ငါးရက်အတွင်း နယ်စပ်ဒေသမှ မဆုတ်ခွာခဲ့လျှင် ထိုးစစ်ဆင်မှုကို ပြန်လည်စတင်မည်ဟု တူရကီနိုင်ငံက သတိပေးခဲ့သည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး



## တောင်နှင့်မြောက် နှစ်နိုင်ငံပူးပေါင်းတည်ထောင်ထားသည့် ခမ်ဂမ်တောင်ပေါ်အပန်းဖြေစခန်းရှိ အဆောက်အဦများအား မြောက်ကိုရီးယား ဖျက်သိမ်း

**ပြုံယမ်း အောက်တိုဘာ ၂၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က နိုင်ငံအတွင်းရှိ တောင်နှင့်မြောက် နှစ်နိုင်ငံပူးပေါင်းအကောင်အထည်ဖော်ဆောင်ထားသည့် အပန်းဖြေစခန်းတစ်ခုရှိ အဆောက်အဦများကို ဖျက်သိမ်းရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



အောက်တိုဘာ ၂၃ ရက်တွင် ခေါင်းဆောင်ကင်သည် နိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ ခမ်ဂမ်တောင်ပေါ်အပန်းဖြေစခန်းသို့ သွားရောက်ခဲ့ပြီး အဆိုပါအပန်းဖြေစခန်းရှိ အဆောက်အဦများသည် တောင်နှင့်မြောက်နှစ်နိုင်ငံပူးပေါင်းအကောင်အထည်ဖော်ဆောင်ခဲ့သည့် စီမံကိန်းများဖြစ်သည့်အတွက် အခြားနိုင်ငံတစ်နိုင်ငံအပေါ် မှီခိုအားထားရာရောက်သောကြောင့် အဆိုပါစီမံကိန်း တည်ဆောက်ခဲ့မှုကိုရှုတ်ချကာ အဆောက်အဦများအား ပြန်လည်ဖျက်သိမ်းပစ်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားအာဏာရပါတီသတင်းစာက ဖော်ပြထားသည်။

ခမ်ဂမ်တောင်ပေါ်အပန်းဖြေစခန်းကို တောင်ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်သည့် Hyundai Asan က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွား အများအပြားအား ဆွဲဆောင်လျက်ရှိသည်။ သို့သော် ၂၀၀၈ ခုနှစ်တွင် မြောက်ကိုရီးယားစစ်သည်တစ်ဦးက တောင်ကိုရီးယားခရီးသွားတစ်ဦးအား သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပွားခဲ့သည့်နောက်ပိုင်းတွင် အဆိုပါအပန်းဖြေစခန်းသို့ နိုင်ငံခြားခရီးသွားလာမှုကို တောင်ကိုရီးယားအစိုးရက ပိတ်ပင်ခဲ့သည်။

အပန်းဖြေစခန်းသို့ နိုင်ငံခြားခရီးသွားလာမှုကို တောင်ကိုရီးယားနိုင်ငံက စတင်ပိတ်ပင်ခဲ့သည့်အချိန်မှစပြီး အဆိုပါအပန်းဖြေစခန်းရှိ ဝန်ဆောင်မှုများကို မြောက်ကိုရီးယားအစိုးရက ဆိုင်းငံ့ထားခဲ့ရသည်။

ပြုံယမ်းအနေဖြင့် အဆိုပါ အပန်းဖြေစခန်းကို ပြန်လည်ဖွင့်လှစ်ရန် ဆန္ဒပြင်းပြသော်လည်း တောင်နှင့်မြောက် ပူးပေါင်းတည်ထောင်ထားသည့် အပန်းဖြေစခန်းအကောင်အထည်ဖော်ဆောင်မှုသည် ကုလသမဂ္ဂ၏ မြောက်ကိုရီးယားအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ချိုးဖောက်ရာရောက်သည်ဟု အမေရိကန်က ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ယင်းအပန်းဖြေစခန်းရှိ အဆောက်အဦများကို ဖျက်သိမ်းကာ အသစ်ပြန်လည်တည်ဆောက်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အောင်ကျော်ကျော်

# မလေးရှားနိုင်ငံသို့ သစ်များ တရားမဝင်တင်ပို့သည့်လှေ ဖမ်းမိ

**ကော့သောင်း အောက်တိုဘာ ၂၃**

မလေးရှားနိုင်ငံသို့ သစ်များ တရားမဝင်တင်ပို့ခဲ့သည့် သစ်ခိုးလှေတစ်စင်းကို အပြန်တွင် ကော့သောင်းခရိုင် မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်အတွင်း ဖမ်းဆီးရမိသည့် ဖြစ်စဉ်တစ်ခု အောက်တိုဘာ ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ ည ၈ နာရီခွဲခန့်က တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်အတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ် Roebank အရှေ့တောင်ဘက် ရေမိုင် ၁၄ မိုင်အကွာတွင် အောင်ချမ်းသာ ၁၀၈ အမည်ရှိ အလျား ပေ ၉၀ ၁၀ လက်မ၊ အနံ ၂၂ ပေ ၉ လက်မ၊ ရေစူး(ဇောက်)၁၁ ပေ အရွယ်အစားရှိ ဂြိုဟ်တုဆက်သွယ်ရေးစက်ကိရိယာများ တပ်ဆင်ထားသည့် စက်လှေတစ်စင်းအား တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာ လှေပဲ့နင်းဖြစ်သူ ဦးထွန်းဝင်း (မြိတ်) အပါအဝင် လှေလုပ်သား ရှစ်ဦးတို့အား တွေ့ရှိပြီး ၎င်းတို့ကို စစ်မေးချက်အရ တရားမဝင် သစ်တန် ၇၀ ကျော်ကို မလေးရှားနိုင်ငံ ပီနန်မြို့ ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် လှေနှင့် လှေလုပ်သားများအား တပ်မတော်(ရေ)မှ ကော့သောင်းမြို့ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လာရောက်လွှဲပြောင်းအပ်နှံခဲ့ပြီး ပဲ့နင်းကြီး ဦးထွန်းဝင်းအား တရားမဝင်ဂြိုဟ်တု ဆက်သွယ်ရေးစက်ကိုင်ဆောင်ထားရှိမှုအရ အမှုဖွင့်လျက် လှေလုပ်သားကိုးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မလှိုင်မြို့နယ် အမြန်လမ်းမကြီးပေါ်၌ ယာဉ်တစ်စီး ဝိုင်ယာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မလှိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကူနီကျေးရွာမြောက်ဘက် မန္တလေး–နေပြည်တော်သွား လမ်းပိုင်း သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းနယ်မြေ၌ ယနေ့ နံနက် ၂ နာရီ ၁၅ မိနစ်ခန့်က အိမ်စီးကားတစ်စီး ဝိုင်ယာကြိုးအပူလွန်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့နယ် ကူနီကျေးရွာမြောက်ဘက် မန္တလေး–နေပြည်တော်သွားလမ်းပိုင်း မိုင်တိုင်အမှတ် ၃၀၂/၁ အနီး၌ ယာဉ်မောင်းပြည့်စုံအောင် ရွှေတံခါး ရပ်ကွက် ပြည်မြို့နေသူ မောင်းနှင်ပြီး လှိုင်ဝင်း လိုက်ပါလာသည့်ယာဉ်သည် မန္တလေးမှ နေပြည်တော်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အင်ဂျင်ခန်းအတွင်း ဝိုင်ယာများ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းခဲ့၍ အမြန်လမ်းမကြီး သီးကုန်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ကားမီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ပြည့်စုံအောင်ကို အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အမျိုးသားတစ်ဦး ရေတွင်းဆယ်ယူရာမှ သေဆုံး

**ဆားလင်းကြီး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကံကြီးတောကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ရေတွင်းဆယ်ယူရာမှ အမျိုးသားတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကံကြီးတောကျေးရွာနေ ဦးကြည်အေးနှင့် ဦးဖိုးဆန်းတို့နှစ်ဦးသည် ကျေးရွာရှိ ၃၈ ပေအနက်ရှိသော ရေတွင်းကို ဆယ်ယူရာ အောက်ဆီဂျင်ပြတ်၍ ပြန်မတက်နိုင်သောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဖုန်းဆက်သတင်းပို့ချက်အရ မြို့နယ်မီးသတ်တပ်ဖွဲ့မှ စခန်းမှူး ဇော်ဟိန်းနိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကယ်တင်ခဲ့ရာ အသက်ရှင်လျက် ဆယ်ယူရရှိခဲ့သည်။ ဆက်လက်ပြီး အဆိုပါ အမျိုးသားနှစ်ဦးအား ဆေးကုသမှုခံယူရန် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဦးကြည်အေးမှာ ပြန်လည်ကောင်းမွန်လာပြီး ဦးဖိုးဆန်းမှာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**



အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက သစ်တပ်အုပ်စု ကြို့ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းညွန့်နှင့်အဖွဲ့ ကျေးရွာသူ ကျေးရွာသားများအား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **ခွန်းဆက်နေ**

# နေပြည်တော်–ရန်ကုန် အမြန်လမ်းပိုင်း ရပ်တန့်ထားသည့်ယာဉ်အား ကင်တာယာဉ်မှ အရှိန်လွန်ဝင်တိုက်

**တောင်ငူ အောက်တိုဘာ ၂၃**

တောင်ငူမြို့နယ် ဇောဓိကုန်း အမြန်လမ်းရဲစခန်းအပိုင် နေပြည်တော်–ရန်ကုန် အမြန်လမ်းပိုင်း မိုင်တိုင် ၁၂၄/၂ နှင့် ၃ အကြားတွင် အောက်တိုဘာ ၂၂ ရက် ညနေ ၆ နာရီခွဲခန့်က ရပ်တန့်ထားသည့်ယာဉ်အား ကင်တာယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး လသားအရွယ်ကလေးငယ်တစ်ဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဇောဓိကုန်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ကျော်သူနှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်သို့ အောင်တင်ဝင်း ကျောက်မြောင်းရပ်ကွက် တာမွေမြို့နယ်နေသူ မောင်းနှင်ပြီး အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦး လိုက်ပါလာသည့်ယာဉ်သည် အချက်ပြမီးဖွင့်၍ မြေသားလမ်းပေါ်၌ ရပ်နားထားစဉ် လမ်းကြောင်းတူ မောင်မိုး ဥဿာမြို့သစ် ပဲခူးမြို့နေသူ မောင်းနှင်လာသော ကင်တာယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်တွင် လိုက်ပါလာသည့် ဦးမောင်မောင်၊ ဒေါ်နွဲ့၊ မဝင်းဝင်းအေး၊ မဆောင်းဦး၊ မောင်ဟိန်းဝေယံထက်၊ လသားအရွယ် မဆုမြတ်သီရိဖူး ရွှေပြည်သာမြို့နယ်နေသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့၍ ဖြူးမြို့ ဆေးရုံ၌ တင်ပို့ကုသစဉ် လသားအရွယ် မဆုမြတ်သီရိဖူးမှာ ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဇောဓိကုန်း အမြန်လမ်းရဲစခန်းက ယာဉ်မောင်း မောင်မိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မတ္တရာမြို့နယ်၌ လူတစ်ဦး ဓာတ်လိုက်သေဆုံး

**မတ္တရာ အောက်တိုဘာ ၂၃**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တံငါမြောက်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်တင်ထွေးသည် လျှပ်စစ်မော်တာနှင့် တွဲထားသည့် ရေတုံကင်တွင် ရေတင်ရန် ရေချူစဉ် ဓာတ်လိုက်နေသည်ကို ဦးချစ်ရွှေက တွေ့သဖြင့် သွားရောက်ဆွဲခေါ်စဉ် နှစ်ဦးစလုံး လဲကျသွားကာ ဦးချစ်ရွှေမှာ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံ့သာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ကြို့ပင်ကောက်မြို့နယ်၌ ၂၂ ဘီးကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ် တိုက်မိ

**ကြို့ပင်ကောက် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မကျီးကုန်းကျေးရွာအနီး ရန်ကုန်–ပြည်ကားလမ်း မိုင်တိုင်အမှတ် ၁၂၀/၃ နှင့် ၁၂၀/၄ အကြားတွင် အောက်တိုဘာ ၂၂ ရက် ည ၁၂ နာရီခန့်က ရန်ကုန်မှ ပြည်သို့မောင်းနှင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်အား နောက်မှ ခရီးသည်တင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်မှ ယာဉ်နောက်လိုက် ကိုအောင်ထက်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်မောင်း သက်နိုင်အောင်နှင့် ယာဉ်နောက်လိုက် အရဂွန်တို့မှာ မြို့နယ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်နိုင်အောင်အား ကြို့ပင်ကောက်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ X ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာ hall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဘက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# စာမလိုက်နိုင်သောကျောင်းသားများ

ပါမောက္ခ ဒေါက်တာမောင်

**ဆရာဟူသည်**

စာမလိုက်နိုင်သောကျောင်းသားများအား စာမေးပွဲအောင်ရန်သင်ကြားပေးခြင်းသည် ဆရာတစ်ယောက်၏ အဓိက အရည်အချင်းဖြစ်သည်ဟု စာရေးသူခံယူမိပါသည်။

အကြောင်းနှစ်ရပ်ကြောင့် ဖြစ်ပါသည်။ ပထမအကြောင်းမှာ ထိုကျောင်းသားများသည် ဆရာ၏ဂရုစိုက်ကြီးကြပ်မှုကို ပိုမိုလိုအပ်သူများဖြစ်ကြသည်။ ပို၍အရေးကြီးသောဒုတိယအကြောင်းမှာ ထိုကျောင်းသားများ၏ အနာဂတ်ဘဝသည် ဆရာ၏လက်ဝယ်အတွင်း ရှိနေသောကြောင့် ဖြစ်သည်။ လှေတစ်စင်းဖြင့် ပန်းတိုင်သို့ခရီးသွားနေကြသူများဆိုလျှင် ထိုကျောင်းသားများသည် လှေ၏ပေါင်ကိုတွယ်၍ လိုက်ပါနေသူများဖြစ်ကြသည်။ အချိန်မရွေးရေထဲတွင် ပြုတ်ကျကျန်ရစ်ခဲ့ကြနိုင်သည်။

စာရေးသူသည် ဆရာဝန်ဘွဲ့ရရှိပြီးသည်နှင့် သင်ကြားရေးနယ်အတွင်းသို့ ခြေစုံပစ် ဝင်ရောက်ခဲ့သည်။ လူနာများနှင့် ထိတွေ့ရသည်ထက် ကျောင်းသားများနှင့် ထိတွေ့ရသည်ကို ပိုမိုနှစ်ခြိုက်မိ၍ဖြစ်သည်။ ဆရာငယ်ဘဝတွင် စာမလိုက်နိုင်သော ကျောင်းသားများအား အပျင်းကြီးသူများ၊ ကြိုးစားလိုစိတ်မရှိသူများ၊ လူဆိုးလူမိုက်များဟု မြင်ခဲ့မိသည်။ နှစ်ပေါင်းလေးဆယ်နီးပါး ကျော်လွန်လာခဲ့ပြီး ယနေ့အချိန်တွင်မှ ထိုကျောင်းသားများအပေါ် အမြင်ပြောင်းလဲသွားသည်။ ဆရာဝန်က လူနာတစ်ယောက်အပေါ် မြင်သောအမြင်ဖြင့် ကြည့်မြင်လာမိသည်။ လူမမာများသည် ကျန်းမာရေးဆိုင်ရာတွင် ချို့တဲ့အားနည်းနေသူများ ဖြစ်ကြသကဲ့သို့ စာမလိုက်နိုင်သောကျောင်းသားများသည်လည်း ပညာရေးဆိုင်ရာတွင် ချို့တဲ့အားနည်းနေသူများအဖြစ် ကြည့်မြင်လာမိသည်။ ဆရာဝန်သည် လူမမာအား ကျန်းမာအောင်ကုသပေးရန်တာဝန်ရှိသကဲ့သို့ ဆရာတစ်ယောက်သည် ပညာရေးရောဂါသည်များဖြစ်သော စာမလိုက်နိုင်သောကျောင်းသားများအား စာတတ်အောင်သင်ကြားပေးရန် တာဝန်ရှိသည်ဟု ထင်မြင်လာမိသည်။

ထိုကျောင်းသားများကို မည်သို့သင်ကြားပေးသင့်သနည်း၊ စာရေးသူ၏ အတွေ့အကြုံကိုအခြေခံ၍ စာမလိုက်နိုင်သောကျောင်းသားကို သင်ကြားနိုင်သောနည်းစနစ်များကို တင်ပြထားပါသည်။

**ရှေးဦးစွာ မေတ္တာနှင့်စေတနာ**

ဆရာနှင့် ကျောင်းသားအကြားတွင် စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုတစ်မျိုးရှိနေသည်ဟု စာရေးသူခံစားမိသည်။ ထိုဆက်သွယ်မှုမှတစ်ဆင့် ကျောင်းသားသည် ဆရာတစ်ယောက်၏ မိမိအပေါ်ထားရှိသော မေတ္တာနှင့်စေတနာကို ခံစားသိရှိနိုင်သည်။ ပညာသင်ပေးနေသောဆရာသည် မိမိအားမည်မျှစာမေးပွဲအောင်စေချင်သည်၊ မည်မျှလိမ္မာစေချင်သည်ကို သိနိုင်သည်။

ထို့ကြောင့် ရှေးဦးစွာလိုအပ်သည်မှာ ဆရာ၏ကျောင်းသားအပေါ်ထားရှိသော မေတ္တာနှင့် စေတနာဖြစ်သည်။ ရင်တွင်းမှဖြစ်ပေါ်လာသော မေတ္တာနှင့် စေတနာသည် ကျောင်းသားအပေါ် အမှန်တကယ်စူးရှမှုရှိပါသည်။

မြန်မာ့ယဉ်ကျေးမှုအရ မေတ္တာနှင့်စေတနာထားခြင်းသည် အနန္တဂိုဏ်းဝင်ဆရာများအတွက် အသစ်အဆန်းမဟုတ်ပါ။ ဗုဒ္ဓဘာသာမဟုတ်သည့်ကျောင်းသားများရှိသော နိုင်ငံခြားတက္ကသိုလ်တွင် သင်ကြားပေးနေသော မြန်မာဆရာ ဆရာမများ၏ စေတနာကို ကျောင်းသားများအလွန်တန်ဖိုးထားကြပြီး အခြားဆရာများထက် ပိုမိုအားကိုးကြသည်ကို စာရေးသူသတိပြုမိသည်။

**ကျန်းမာရေးအခြေအနေနှင့် မိသားစုနောက်ခံဘဝ**

ကျောင်းတွင် ဆရာနှင့်ထိတွေ့ရသောအချိန်သည် ကျောင်းသားတစ်ဦးအဖို့ ပကတိဘဝ၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်။ ကြီးပြင်းခဲ့ရသောမိသားစုအခြေအနေနှင့် ရင်ဆိုင်နေရသော မိသားစုဘဝများသည် ကျောင်းသားအပေါ် လွှမ်းမိုးမှုကြီးမားလှပေသည်။ ထို့ကြောင့် မိသားစုဘဝအခြေအနေကို နားလည်ရန်ကြိုးစားပြီး လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ခြင်းသည် အကျိုးရှိသောကိစ္စဖြစ်သည်။

ကျောင်းသား၏ကျန်းမာရေးအခြေအနေသည်လည်း ထည့်သွင်းစဉ်းစားရမည့် အကြောင်းတစ်ရပ်ဖြစ်သည်။



မိသားစုအခြေအနေနှင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်နေသော်လည်း စာမလိုက်နိုင်သောကျောင်းသားများတွင် အားနည်းချက်နှစ်မျိုးတွေ့ရှိရသည်။ အသိတရားဆိုင်ရာအားနည်းခြင်းနှင့် အမူအကျင့်ပိုင်းဆိုင်ရာအားနည်းခြင်းတို့ ဖြစ်ကြသည်။

**အသိတရား**

အသိတရားသည် ကျောင်းသားတစ်ဦး၏ဘဝကို အဆုံးအဖြတ်ပေးနေသော အကြောင်းအရာဖြစ်သည်။ ကြိုးစားအားထုတ်လိုစိတ်ရှိခြင်းနှင့် အောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့ကို ဖြစ်ပေါ်စေသောအကြောင်းလည်း ဖြစ်သည်။

အသိတရားနှင့် ရင့်ကျက်မှုရှိခြင်းတို့သည် ဆက်သွယ်နေကြသည်။ စာမလိုက်နိုင်သောကျောင်းသားများသည် ရင့်ကျက်မှုတွင် အားနည်းနေကြသည့်အလျောက် အသိတရားတွင်လည်း အားနည်းနေကြသည်။ ထို့အပြင် ခိုင်မာသောယုံကြည်ချက်မရှိခြင်း၊ ပြတ်သားသောရည်မှန်းချက်နှင့် ပန်းတိုင်မရှိခြင်းတို့လည်း တွေ့ရတတ်သည်။

အသိတရားသည် ငယ်ရွယ်စဉ်အချိန်မှစ၍ တစ်စတစ်စ စုဆောင်းသိမ်းဆည်းလာသော ပညာဉာဏ်အရာဖြစ်၍ နေ့ချင်းညချင်းပြောင်းလဲရန်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။ သို့ရာတွင် ရင့်ကျက်မှုရှိလာစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အသိတရားကိုတိုးတက်လာစေနိုင်သည်။

ထိုကျောင်းသားများကို သင့်လျော်သောတာဝန်ကိုယူစေခြင်း၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ လူထုကျန်းမာရေးလှုပ်ရှားမှုများတွင် ပါဝင်စေခြင်းတို့သည် အသိတရားကို ပြောင်းလဲစေနိုင်သည်။ စာအုပ်စာပေများသည် အသိတရားရရှိရာ ဌာနများဖြစ်ကြသည်။ အတ္ထုပ္ပတ္တိတစ်ခု၊ ဆောင်းပါးတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်ကို ဖတ်ရှုလေ့လာစေ၍ အချင်းချင်းပြန်လည်ဆွေးနွေးစေခြင်း၊ ဆရာနှင့်ဆွေးနွေးခြင်း သို့မဟုတ်ဝေဖန်ချက်ကို ရေးသားစေခြင်းတို့သည်လည်း ရင့်ကျက်ခြင်းကို လေ့ကျင့်ပေးနိုင်သောနည်းလမ်းများဖြစ်သည်။

**ထိရောက်စွာကြိုးစားတတ်သောအမူအကျင့်**

အရာထင်သောကြိုးစားအားထုတ်မှု Smart Study နှင့် အရာမထင်သော ကြိုးစားအားထုတ်မှု Hard Study နှစ်မျိုး၏ ကွာခြားခြင်းကို သိရှိခြင်းသည် ထိရောက်စွာကြိုးစားတတ်သော အမူအကျင့်ကို ဖြစ်ပေါ်စေနိုင်သည်။

ထိုနှစ်မျိုး၏ ကွာခြားခြင်းကိုနားလည်ရန် စာရေးသူသည် မောင်းတံ (လီဗာ)ကို ဥပမာပေး၍ ရှင်းပြလေ့ရှိသည်။ မောင်းတံ(လီဗာ)သည် ရူပဗေဒ၏ အခြေခံသဘော တရားဖြစ်သော စက်၏သာရည် (Mechanical advantage) ကို အသုံးပြုထားခြင်းဖြစ်သည်။ ကြီးမားသော ကျောက်တုံးကြီးတစ်လုံးကို အစွမ်းကုန်အားစိုက်တွန်း၍ ရွေ့လျားနိုင်ခြင်းမရှိသော်လည်း မောင်းတံ (လီဗာ) ကိုအသုံးပြုလျှင် အင်အားအနည်းငယ်ဖြင့် ရွေ့လျားနိုင်သည်။ အရာထင်သောကြိုးစားအားထုတ်မှု၏ ဥပမာဖြစ်သည်။

**ဝိုင်းဖွဲ့၍ အချင်းချင်းဆွေးနွေးစေခြင်း**

(Peer Learning/ Collaborative Learning)

ထိုကျောင်းသားများကိုအုပ်စုဖွဲ့ပေး၍ အုပ်စုအတွင်း ဝိုင်းဖွဲ့ဆွေးနွေးစေခြင်းသည် ထိရောက်သောနည်းစနစ်တစ်ခုဖြစ်သည်။

အကြောင်းအရာတစ်ခုကို ကြိုတင်သတ်မှတ်၍ အချင်းချင်း အပြန်အလှန်ဆွေးနွေးစေခြင်းဖြစ်သည်။ ဆရာသည် ဝိုင်း၏အပြင်ဘက်တွင် နေရာယူခြင်းဖြင့် ဆွေးနွေးခြင်းသည် ဆရာသို့ ဦးတည်တင်ပြနေခြင်းမဟုတ်ဘဲ အချင်းချင်းအသိဖလှယ်နေစေခြင်းဖြစ်သည်။ ဆရာ၏ အခန်းကဏ္ဍမှာ ကျောင်းသားတိုင်းပါဝင်လာရန် လှုံ့ဆော် ပေးခြင်း၊ အမှားများကိုထောက်ပြခြင်းနှင့် လမ်းကြောင်းတိမ်းစောင်းမသွားစေရန် တည့်မတ်ပေးခြင်းသာ ဖြစ်သည်။

ထိုနည်းစနစ်တွင် အားသာချက်များရှိနေသည်။

၁။ ကျောင်းသားများသည် ဆရာ ဆရာမများပြောသောစကားထက် အချင်းချင်းပြောစကားများကို ပိုမိုနားဝင်လေ့ရှိသည်။

၂။ တစ်ဦးတည်းကျက်မှတ်နေခြင်းထက် ပိုမိုအာရုံစူးစိုက်မှုရရှိပြီး အကြောင်းအရာအပေါ် ပိုမိုစိတ်ဝင်စားမှုရရှိသည်။

၃။ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကို ရရှိစေသည်။

၄။ ကိုယ်တိုင် တက်ကြွစွာပါဝင်သော လေ့လာကျက်မှတ်ခြင်းဖြစ်သည်။

၅။ မိမိ၏အားနည်းချက်၊ လိုအပ်ချက်များကို သိရှိနိုင်သည်။

၆။ သိထားသည်များကို အချင်းချင်းဖလှယ်နိုင်သည်။

၇။ အချက်အလက်များကိုရှာဖွေခြင်း၊ စုစည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်တင်ပြခြင်းတို့ကို လေ့ကျင့်ပေးနိုင်သည်။

၈။ သိထားသည်များကို သူများအား ပြန်လည်ရှင်းပြခြင်းသည် မိမိကိုယ်တိုင်လည်း စွဲမြဲစွာမှတ်မိသွားစေနိုင်သည်။

**အတန်း၏ရှေ့ခုံများတွင် ထိုင်စေခြင်း**

စာသင်ချိန်(Lectures)များတွင် ထိုအုပ်စုကို စာသင်ခန်း၏ရှေ့ဆုံးခုံများတွင် ထိုင်စေခြင်းဖြင့် ထိုကျောင်းသားများသည် ဆရာကမိမိတို့အား ဂရုစိုက်နေသည်ဆိုသောအသိကို ရရှိစေသည်။

ထို့အပြင် အခြားကျောင်းသားများကြောင့် အာရုံထွေပြားခြင်းမှလည်း ကာကွယ်ထားနိုင်သည်။

**မှတ်စုထုတ်ခြင်းကို ကူညီပြသပေးခြင်း**

မှတ်စုတိုများသည် ထိရောက်စွာကျက်မှတ်နိုင်ရန် များစွာအထောက်အကူပြုကြသည်။ အထူးသဖြင့် စာမေးပွဲနီးချိန် ပြန်လှန်ကျက်မှတ်ခြင်းတွင် များစွာအသုံးကျသည်။ ပို့ချချက်များကို မှတ်စုထုတ်ခြင်း၊ မိမိကျက်မှတ်ထားသည်များကို မှတ်စုထုတ်ခြင်းများကို စစ်ဆေး၍ ကူညီပေးခြင်းဖြစ်သည်။

**နေ့စဉ် အချိန်ဇယားရေးဆွဲရာတွင်ကူညီခြင်း**

အောင်မြင်နေသောသူများအားလုံးသည် အချိန်ကို ထိရောက်စွာ အသုံးချနေသူများ ဖြစ်ကြသည်။ ထို ကျောင်းသားများကို တစ်နေ့တာ၏ ၂၄ နာရီကို ထိရောက်စွာ အသုံးချတတ်ရန် အချိန်ကို အကျိုးရှိစွာအသုံးပြုနည်း သဘောတရားများကို သင်ကြားပေးခြင်းဖြစ်သည်။

**စာမေးပွဲမေးခွန်းဟောင်းများကိုဖြေဆိုစေခြင်း**

သင်ကြားလိုက်သော အကြောင်းအရာများကို နားလည်သည်ကတခြား၊ စာမေးပွဲတွင် ဖြေနိုင်သည်ကတခြားဖြစ်သည်။ မေးခွန်းများ၏ လိုအပ်ချက်အတိုင်း အချိန်ကိုက်ဖြေနိုင်ရန် ကြိုတင်လေ့ကျင့်ပေးထားခြင်း ဖြစ်သည်။

**ကျန်းမာရေးကို ဂရုစိုက်စေခြင်း**

စုပေါင်းကိုယ်လက်လှုပ်ရှားမှု ပြုလုပ်စေခြင်း၊ စုပေါင်းသတိပဋ္ဌာန်ရှုမှတ်စေခြင်း၊ အမိုးအောက်တွင် ပြုလုပ်နိုင်သောအားကစားပြိုင်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် ကျန်းမာရေးကို ဂရုစိုက်စေခြင်းဖြစ်သည်။

**ကျောင်းသင်ခန်းစာမှအပဖြစ်သော လှုပ်ရှားမှုများ**

စာပေဆွေးနွေးခြင်းများ၊ လူထုကျန်းမာရေးလှုပ်ရှားမှုများ၊ စခန်းချခြင်း၊ ခရီးတိုထွက်ခြင်းများဖြင့် အတွေးအမြင်ကို ပိုမိုကျယ်ပြန့်လာစေသည်။

**တွေ့ကြုံရမည့် အခက်အခဲများ**

သင်ကြားသောဆရာ၏ ပါးနပ်လိမ္မာမှုသည် အရေးကြီးလှသည်။ ထိုသင်ကြားနည်းပုံစံ၏ အုပ်စုတွင်း ဝိုင်းဖွဲ့လေ့လာစေသော (Peer Learning/ Collaborative Learning) သဘောတရားကို သိရှိထားရမည် ဖြစ်သည်။ ထို့အပြင် ဆွေးနွေးခြင်းများပြုလုပ်နေစဉ် နှုတ်ဆိတ်နေသူများနှင့် နှုတ်သွက်သူများကို အညီအမျှ ပါဝင်လာစေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

အုပ်စုအရွယ်အစားသည်လည်း ခြေနိုင်လက်နိုင် သင်ကြားနိုင်ရေးအတွက် အရေးကြီးသည်။ အုပ်စုတစ်စုတွင် ကျောင်းသား ၁၂ ဦးထက်မပိုမှသာ ကျောင်းသားအားလုံး ပါဝင်လာနိုင်မည်ဖြစ်သည်။

မကောင်းသောအမူအကျင့်များသည် တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာကူးစက်နိုင်ကြသည်။ အုပ်စုအတွင်းရှိ ကျောင်းသားတစ်ဦးဦး၏ မလိုလားအပ်သောအမူအကျင့်တစ်ခုခုသည် အခြားကျောင်းသားအား ကူးစက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အဓိကအခက်အခဲမှာ ပျက်ကွက်မှုများဖြစ်သည်။ ကျောင်းသားတစ်ဦးသည် နှစ်ကြိမ်ထက်ပို၍ ပျက်ကွက်ခဲ့လျှင် အခက်အခဲတစ်စုံတစ်ရာရှိနေနိုင်ပြီ ဖြစ်သည်။ ကျန်းမာရေး၊ မိသားစုရေး၊ စီးပွားရေး၊ အချစ်ရေး၊ လောင်းကစားနှင့် မူးယစ်ဆေးဝါး စသောပြဿနာတစ်ခုခုရှိနေခဲ့လျှင် ဆရာတစ်ဦးတည်းဖြေရှင်း၍ မရနိုင်တော့ချေ။ ထိုအခါ လိုအပ်သလိုဆက်သွယ်ညှိနှိုင်း ပူးပေါင်းဖြေရှင်းရတော့မည်ဖြစ်သည်။

မှျဝေလိုသည်မှာ

အတန်းတိုင်းတွင် စာမလိုက်နိုင်သော၊ စာညံ့သောကျောင်းသားများရှိနေပါသည်။

ထိုကျောင်းသားများ၏ အနာဂတ်ဘဝသည် ဆရာ၏လက်ဝယ်အတွင်းရှိနေသည်။

ထိုကျောင်းသားများကို မှန်ကန်သောအသိတရားနှင့် စွဲမြဲစွာကြိုးစားသောအမူအကျင့်တို့ရရှိအောင် သင်ကြားပေးနိုင်ခြင်းသည် ဆရာတစ်ယောက်၏ အဓိကအရည်အချင်းတစ်ရပ်ဟု ဆိုချင်ပါသည်။

ထိုကျောင်းသားများကို ဂရုစိုက်သင်ကြားပေးရန်မှာ ဆရာတစ်ယောက်သည် ပုံမှန်လုပ်ငန်းတာဝန်များထက် ပိုမိုအချိန်ပေးရမည်ဖြစ်၍ မေတ္တာနှင့်စေတနာသည် လွန်စွာအရေးကြီးသောအရာဖြစ်သည်။ မေတ္တာနှင့်စေတနာသည် ငွေကြေးနှင့်တိုင်းတာ၍မရနိုင်သောအရာဖြစ်သော်လည်း နှစ်ဦးနှစ်ဖက်ကောင်းမွန်သောအကျိုးကျေးဇူးကိုမူ မလွဲမသွေရရှိနိုင်စွမ်းရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

**Suggested readings:**

1. Peer Learning: Enhancing Student Learning Outcomes.
   Professor Matthew C.E. Gwee. Centre for Development of Teaching & Learning. National University of Singapore.
   www.cdtl.nus.edu.sg/sucess/sl13.htm
2. What is Collaborative Learning?
   Smith B. L, MacGregor J.T. Washington Center for Improving the Quality of Undergraduate Education.
   https://www.evergreen.edu
3. Collaborative learning. Wikipedia.
   https://en.wikipedia.org.



## ဗုဒ္ဓတက္ကသိုလ်သွားလမ်းကွန်ကရစ်ခင်းနေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

**တောင်ကြီး အောက်တိုဘာ ၂၃**
၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ပန်းတင်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်မည့်နေရာသို့ အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့သည်။

ယင်းလမ်းအဆင့်မြှင့်တင်ခြင်းတွင် မူလလမ်းအားကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ပေ၄၀၀ x၁၂ ပေ၊ မူလလမ်းအား ကျောက်ထက်ကတ္တရာခင်းခြင်းလုပ်ငန်း ပေ၁၂၅၀ x၁၂ ပေ၊ ကျောက်စီလမ်းပခုံးပြုလုပ်ခြင်းလုပ်ငန်း ၂xပေ၁၂၅၀x၃ ပေ၊ အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း ၂xပေ၉၀၀x၂ ပေ၊ လမ်းဖြတ်တံတားပြုလုပ်ခြင်းလုပ်ငန်း သံကူကွန်ကရစ် ခြောက်စင်း၊ ၃ ပေx၃ ပေ၊ အိမ်ဝင်တံတား ဆောင်ရွက်ခြင်းလုပ်ငန်း ပေ၂၄၀x၂ပေx၂ ပေဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး လျာထားငွေကျပ် ၁၁၆၂ သိန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းတင်လမ်းမှ ဗုဒ္ဓတက္ကသိုလ်အဝင်လမ်းခွဲနေရာမှစ၍ ဗုဒ္ဓတက္ကသိုလ်အထိ ကွန်ကရစ်လမ်းအရှည် ပေ၇၅၀၀၊ အကျယ်ရှစ်ပေ၊ ဒုရှစ်လက်မ လမ်းခင်းဆောင်ရွက်နေမှုကို ကြည့်ရှုသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အမရပူရဒေသထွက် ချည်ထည်နှင့် ချိတ်လုံချည်များ ရောင်းအားကောင်း

**အမရပူရ အောက်တိုဘာ ၂၃**
စစ်ကိုင်းကောင်းမှုတော်ဘုရားနှင့် မန္တလေးမြို့အနီး နာမည်ကျော်ဦးပိန်တံတားတွင် အမရပူရထွက် ချည်ထည်အမျိုးမျိုး၊ ချိတ်ထည်အမျိုးမျိုးကို အသင့်ချုပ်ပြီး ဒီဇိုင်းများဖြင့် ရောင်းချလာကြသည်။ ဦးပိန်တံတားသို့လာရောက်သော ပြည်တွင်း ဧည့်သည်များမှာ အမရပူရမှ အထည်အမျိုးမျိုးကို လက်ဆောင်အဖြစ် အမှတ်တရဝယ်ကြသည်။ အထူးသဖြင့် ပွင့်လင်းရာသီတွင်ဝတ်ဆင်၍ ကောင်းသည့် အသင့်ချုပ်ပြီး ချည်ထည်အင်္ကျီနှင့် ချိတ်ချည်ထည်များကို အားထားဝယ်ယူမှုများပြားလာကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့သည် ရက်ကန်းပညာထွန်းကားသည့် နာမည်ကြီးသောဒေသ ဖြစ်သည်။ အထူးသဖြင့် ချည်ထည်၊ ပိုးထည်၊ ချိတ်လုံချည်ဒီဇိုင်းများနှင့် ပိုးလွန်ရာကျော်ချိတ်အထည်သည် နာမည်ရသည်။ အမရပူရမြို့တွင် ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးစက်ရက်ကန်းစတင်တည်ထောင်ပါက အနည်းဆုံးခြောက်စင်မှ စတင်လုပ်ဆောင်ကြသည်။ လုပ်ငန်းကြီးသမားများသည် စက်ရက်ကန်းစင် ၅၀ မှ ၁၀၀ အထိ ထားရှိသည်။

လက်ရှိကာလ အမရပူရထွက် အထည်အမျိုးမျိုးကို ခေတ်မီဒီဇိုင်းဖြင့် အသင့်ချုပ်ပြီး ရောင်းချလာကြသည်။ ချုပ်ပုံဒီဇိုင်းအမျိုးမျိုး ရောင်းချကြရာ ပုံစံလှပသည့်အတွက် ဦးပိန်တံတားသို့လာရောက်သူများ အမှတ်တရအဖြစ် ဝယ်ယူမှုများပြားလာသည်။ ရိုးရာချည်ထည်ထဘီတစ်ကွင်းလျှင် အနည်းဆုံးငွေကျပ် ၂၅၀၀ မှစတင်ကာ အရည်အသွေးအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ **နွေနဒီ (မြစ်ငယ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်၊ မိုတယ်များနှင့် တည်းခိုခန်းများ မီးဘေးလုံခြုံစိတ်ချရမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်၊ မိုတယ်များနှင့် တည်းခိုခန်းများ မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှု ရှိ၊ မရှိနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်နှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦးသည် ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များလိုက်ပါ၍ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများအနက် Royal KK Hotel၊ A Little Bit of Bagan Hotel၊ Ancient Bagan Hotel နှင့် ပုဂံထိပ်ထား တည်းခိုခန်းတို့ကို သွားရောက်ကာ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများလုံလောက်စွာ စီစဉ်ဆောင်ရွက်ထားမှု ရှိ / မရှိ၊ တပ်ဆင်အသုံးပြုနေသည့် လျှပ်စစ်မီးကြိုးများနှင့် လျှပ်စစ်မိန်းခုံများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/ မရှိ၊ အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးအတွက် လွယ်လင့်တကူ ရေရယူသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ထားမှု ရှိ/ မရှိ၊ မီးလောင်မှုဖြစ်ပွားပါက အသက်အန္တရာယ်ကင်းဝေးစေရေး အရေးပေါ်ထွက်ပေါက်များ စီစဉ်ဆောင်ရွက်ထားမှု ရှိ/ မရှိတို့ကို ကြပ်မတ်စစ်ဆေးပြီး တာဝန်ခံများအား မီးဘေးလုံခြုံရေးကို အထူးဂရုပြု နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင် ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနတွင် အရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ နယ်မြေအတွင်း မီးလောင်မှုများ လျော့နည်းကျဆင်းရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်ရေး ပညာပေးဆောင်ရွက်ရန်နှင့် ဌာနရုံးလုပ်ငန်းများ ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။
**ရဲဝင်းနိုင် ( ညောင်ဦး )**



## ပဲတီစိမ်း ဈေးကောင်းသော်လည်း အထွက်နှုန်းလျော့ကျ

**ညောင်ဦး အောက်တိုဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုအတွင်းရှိ ပဲတီစိမ်းစိုက်တောင်သူများ ပဲတီစိမ်းဈေးကောင်းသော်လည်း ပဲတီစိမ်းအထွက်နှုန်းလျော့ကျခြင်းကြောင့် စိုက်ပျိုးစရိတ်ကာမိရုံသာ ပြန်လည်ရရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

ပဲတီစိမ်းအပင်များ အောင်မြင်ရှင်သန်ဖြစ်ထွန်းသော်လည်း အပွင့်ပွင့်ချိန်တွင် ဖြုတ်ကောင်များက အဖူး၊ အပွင့်များစုပ်ယူခြင်းကြောင့် သီးကင်းမတင်ခြင်း၊ သီးကင်းတင်ချိန်တွင်လည်း ပဲတီစိမ်းသီးကင်းများအား အရပ်အခေါ် ပိုးဟပ်လိပ်ပြာ စုပ်ခြင်းများကြောင့် အသီးမတင်ခြင်းများဖြစ်ကြောင်း သိရသည်။ **ကိုထိန် (ငှါသရောက်)**

## ပွင့်လင်းရာသီအစ ကလေးဒေသသို့ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုများပြား

**ကလေး အောက်တိုဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည်များမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့် မိုးနှောင်းကာလ ပွင့်လင်းရာသီမှအစပြု၍ ဝင်ရောက်မှု များပြားလာကြောင်း ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ကလေးမြို့ကို ရောက်လာတဲ့ နိုင်ငံခြားသားတွေကတော့ ဘာသာရေးအဖွဲ့တွေ၊ ဖွံ့ဖြိုးရေးအစီအစဉ်နဲ့လာတဲ့အဖွဲ့တွေ၊ လေ့လာရေးအစီအစဉ်နဲ့လာတဲ့အဖွဲ့တွေ ဖြစ်ကြပါတယ်။ လာရောက်လည်ပတ်တဲ့ဧည့်သည်တွေကတော့ အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားလူမျိုးတွေနဲ့ ဥရောပနိုင်ငံတွေကနေ လာရောက်ကြပါတယ်။ တချို့က လေယာဉ်နဲ့လာပြီး တောက်လျှောက်ချင်းတောင်ဒါမှမဟုတ်တောက်လျှောက်ကလေးဝကိုသွားပြီး ရေကြောင်းနဲ့ ချင်းတွင်းမြစ်အထက်ပိုင်းကိုသွားကြတာတွေရှိပါတယ်။ သူတို့က လမ်းကြောင်းအမျိုးမျိုးနဲ့ ဝင်ရောက်လာကြပါတယ် " ဟု ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဒုလဝကမှူး ဦးကျော်တင်မိုးက ပြောကြားသည်။

ကလေးဒေသသို့ ရောက်ရှိလာသော ပြည်ပခရီးသွားဧည့်သည်အများစုသည် လေကြောင်းလိုင်းမှ အများဆုံးဝင်ရောက်မှုရှိကြောင်း၊ နိုင်ငံခြားသားအချို့မှာ ချင်းတွင်းမြစ်ရေကြောင်းဖြင့်လည်းကောင်း၊ ရန်ကုန်- မန္တလေး-ဂန့်ဂေါ-ကလေးမော်တော်ကားလမ်းဖြင့်လည်းကောင်း ဝင်ရောက်လာကြကြောင်း၊ ကလေးမြို့သို့ ပြည်ပခရီးသွား ဝင်ရောက်လာသူဦးရေမှာ ၂၀၁၉ ခုနှစ်၏ ပထမကိုးလပတ်ဖြစ်သည့် ဇန်နဝါရီမှ စက်တင်ဘာလအထိ ကျား ၁၂၄၇ ဦး၊ မ ၄၀၈ ဦး စုစုပေါင်း ၁၆၅၅ ဦးရှိကြောင်း၊ နှစ်စဉ်ပွင့်လင်းရာသီတွင် တစ်လလျှင် ပြည်ပခရီးသွားဧည့်သည် ၃၀၀ ဝန်းကျင်ဝင်ရောက်မှုရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

နိုင်ငံခြားသား ဧည့်သည်အများစုသည် ကလေးမြို့ပေါ်ရှိ ဟိုတယ်များတွင် အနားယူပြီးမှ ချင်းပြည်နယ်ရှိ အမှတ်တရနေရာများနှင့် အထင်ကရနေရာများဖြစ်ကြသည့် သမိုင်းဝင် ရှာလ်လုမ်းခံတပ်၊ ကနေဒီတောင်၊ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်တို့သို့ ခရီးဆက်ကြရာ နိုင်ငံခြားသားဧည့်သည်အချို့မှာ ကလေးမှတစ်ဆင့် ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထုသို့ ခရီးဆက်ကြပြီး ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ဘုံတလာရေတံခွန်သို့သွားရောက်ကာ တောတောင်သဘာဝနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့များကို လေ့လာကြကြောင်း သိရသည်။
**ချင်းတွင်းသား**



## သီပေါမြို့သန့်ရှင်းသာယာလှပရေး အမှိုက်ကောက်

**သီပေါ အောက်တိုဘာ ၂၃**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရဝဏ်နှင့် ပွဲတော်ကျင်းပသည့်ကွင်းတို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မိုင်းပွန်လမ်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းမှစတင်ကာ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြသည်။

မြို့နယ်စည်ပင်သာယာရေးဌာန၊ မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း၊ ကြက်ခြေနီ၊ ကင်းထောက်၊ ဈေးရပ်ပရဟိတ Friend Forever လူငယ်များနှင့် မြို့ပေါ်ပရဟိတလူငယ်များက ပွဲတော်ကွင်းအတွင်း စွန့်ပစ်အမှိုက်၊ ကြွပ်ကြွပ်အိတ်များကို အဖွဲ့လိုက်ကောက်ယူကာ သဘာဝဂေဟစနစ် မပျက်ယွင်းစေရန် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်း (သီပေါ)**



## ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးရုံးများသို့ ကွင်းဆင်းစစ်ဆေး

**ဖျာပုံ အောက်တိုဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းသည် အောက်တိုဘာ ၂၁ ရက်တွင် ဖျာပုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဖျာပုံခရိုင် ဦးစီးမှူး ဦးကြည်မြင့်က ဖျာပုံခရိုင်အတွင်းရှိ ပြည်သူ့အင်အားဆိုင်ရာရုံးအသီးသီး၏ လုပ်ငန်းဆောင်ရွက်ထားမှု၊ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်၊ နိုင်ငံသားရသင့်ရထိုက်သူများကို ဥပဒေနှင့်အညီ အလျင်အမြန်ထုတ်ပေးရန်နှင့် နိုင်ငံသားဖြစ်ခွင့်မရှိသူများကို ထုတ်မပေးမိစေရေး အထူးသတိပြုဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံခြားသားများ ဝင်ထွက်သွားလာနေထိုင်မှုများကို ဥပဒေနှင့်အညီ စိစစ်မှုများကို သတိရှိရှိ ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် ဖျာပုံမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၊ အလုပ်သမားဆက်ဆံရေးဦးစီးမှူးရုံး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှူးရုံး၊ ကုန်တင်ကုန်ချကော်မတီရုံးများသို့ သွားရောက်၍ လုပ်ငန်းခွင်ဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်တင်ကုန်ချလုပ်သားများ၏ သက်သာချောင်ချိမှုများ ဆက်လက်ဆောင်ရွက်ပေးစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်း စေရေးတို့အတွက် ဂရုတစိုက်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အလားတူ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးများအားလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မအူပင်ခရိုင်ရုံးများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကလေးလုပ်သားစစ်တမ်း (၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေး ရှေ့ပြေးစစ်တမ်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၂၃**
ကလေးလုပ်သားစစ်တမ်း (၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေးအတွက် မြို့နယ် ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းနှင့် ရှေ့ပြေးစစ်တမ်းကောက်ယူခြင်းအတွက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက လူငယ်များနှင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ဖန်တီးရာတွင် အလွန်အရေးကြီးသည့်အတွက် လူငယ်များနှင့်ကလေးများသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပဲခူးတက္ကသိုလ် ပထဝီဝင်ဌာန ပါမောက္ခ ဒေါ်မာမာခင်က အမှာစကားပြောကြားကာ ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်ချိုချိုမြင့်က ကလေးလုပ်သားစစ်တမ်း (၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေးအတွက်ရှေ့ပြေးစစ်တမ်းကောက်ယူခြင်းသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကလေးလုပ်သားစစ်တမ်း(၂၀၁၉-၂၀၂၀) ကောက်ယူနိုင်ရေးအတွက် မြို့နယ်ကြီးကြပ်ရေးမှူးများနှင့် စာရင်းကောက်များအား သင်တန်းပေးခြင်းနှင့် ရှေ့ပြေး စစ်တမ်းကောက်ယူခြင်းအတွက် သင်တန်းကို အောက်တိုဘာ ၂၂ ရက် မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ မြို့နယ်ကြီးကြပ်ရေးမှူးများအပါအဝင် သင်တန်းသား သင်တန်းသူ ၁၀၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အများပြည်သူဆိုင်ရာနေရာများနှင့် တက္ကသိုလ်တို့တွင် Mobile Seminar ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**
ဆိုက်ဘာလုံခြုံရေးနှင့်ဆိုက်ဘာအလွဲသုံးစားလုပ်မှုများကို ကာကွယ်ရန်၊ မိုဘိုင်းဖုန်းသုံးစွဲရာတွင် သိထားသင့်သည့်အချက်များ၊ ကျင့်ဝတ်များ၊ မလိုအပ်ဘဲဒေတာများ ကုန်ဆုံးသွားခြင်းမှကာကွယ်သည့် နည်းလမ်းများကိုသိရှိစေရန်



MPT မှနိုင်ငံတစ်ဝန်းရှိ အများပြည်သူနှင့်သက်ဆိုင်ရာနေရာများ၊ ကျောင်းများနှင့် တက္ကသိုလ်များအပါအဝင်နေရာ ၇၀ တွင် Mobile Seminar ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက်နံနက်၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်၌ ကျင်းပသော မီဒီယာရှင်းလင်းပွဲမှသိရသည်။

မိုဘိုင်းဖုန်းအသုံးပြုသူများ အနေဖြင့် အလွဲသုံးစားပြုလုပ်မှုခံရခြင်း၊ ဆိုက်ဘာပြစ်မှုများကိုသိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ မပြုလုပ်မိစေရန်နှင့် အန္တရာယ်ကင်းစေရန်၊ အင်တာနက်ကိုဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရန်၊ အင်တာနက်ပေါ်တွင် ကိုယ်ပိုင်အချက်အလက်များကို ကာကွယ်ရန်နှင့် မိုဘိုင်းဖုန်းသုံးစွဲရာတွင် သိထားသင့်သည်အချက်အလက်များ စသည့်အကြောင်းအရာတို့ကို MPT မှ အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

"မိုဘိုင်းအသုံးပြုမှုနဲ့ ဝန်ဆောင်မှုတွေကို ပိုမိုသိရှိနားလည်စေဖို့ ပံ့ပိုးကူညီသွားမှာပါ။ မျိုးဆက်သစ်လူငယ်တွေ မိုဘိုင်းနည်းပညာများနဲ့ အင်တာနက်အသုံးပြုမှုမှာ အသိပညာမြင့်တင်ရေးကို အခမဲ့တက်ရောက်နိုင်ဖို့ ဆောင်ရွက်ထားပါတယ်"ဟု MPT -KSGM Joint Operations ၏ စီးပွားရေးဌာနမှ ဦးကိုကိုအောင်က ပြောသည်။

ဆိုက်ဘာလုံခြုံရေးနှင့်ဆိုက်ဘာအလွဲသုံးစားပြုလုပ်မှုတို့ကို ကာကွယ်နိုင်ရန် ကျင်းပသွားမည့် Mobile Seminar ပွဲများ၌ လူမှုကွန်ရက် ကျန်းမာရေးနှင့်မိုဘိုင်းအသုံးပြုမှု၊ မိုဘိုင်းဒေတာများထိရောက်စွာအသုံးပြုနိုင်ခြင်း၊ MP-T4U အက်ပလီကေးရှင်းအသုံးပြုခြင်းနှင့် MPT Club၊ MPT Money နှင့် အသုံးပြုသူတို့အား ဝန်ဆောင်မှုပေးခြင်းစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဟု သိရသည်။

အဆိုပါ Mobile Seminar များတွင် လေ့လာဆွေးနွေးခြင်းဖြင့် ဆိုက်ဘာအကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရေးအတွက် မိမိကိုယ်ရေးအချက်အလက်များကို လုံခြုံစွာအသုံးပြုသင့်ကြောင်း နားလည်သိရှိစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ မိုဘိုင်းဖုန်းကိုအသုံးပြုတတ်စေခြင်း၊ အင်တာနက်နှင့် ဒေတာသုံးစွဲမှုကုန်ကျစရိတ်လျှော့ချနိုင်သည့် နည်းလမ်းများကို ပိုမိုနားလည်၍ အပိုကုန်ကျမှုမရှိစေရန် မည်သို့အသုံးပြုသင့်ကြောင်း သိရှိစေခြင်း စသော အကျိုးကျေးဇူးတို့ကို ရရှိစေမည်ဖြစ်သည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

## ကျေးရွာ ၁၄၄ ရွာကို ၂၀၂၀ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေးဆောင်ရွက်မည်

**မိတ္ထီလာ အောက်တိုဘာ ၂၃**
မိတ္ထီလာမြို့နယ်၌ လျှပ်စစ်မီးလင်းရန် ကျန်ရှိသည့် ကျေးရွာ ၂၀၂ ရွာအနက် ကျေးရွာ ၁၄၄ ရွာကို ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးရွာ ၃၈၀ ရှိသည့်အနက် ကျေးရွာ ၁၇၈ ရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ပြီဖြစ်ရာ ကျန်ရှိသည့် ကျေးရွာ ၂၀၂ ကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း၊ Public Finance Initiative(PFI) စနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း အသီးသီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့် ကျေးရွာ ၂၀၂ ရွာအနက် ကျေးရွာ ၁၄၄ ရွာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျေးရွာ ၂၀၊ Public Finance Initiative(PFI) စနစ်ဖြင့် ကျေးရွာ ၉၂ ရွာ၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)စနစ်ဖြင့် ကျေးရွာ ၂၈ ရွာနှင့် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာလေးရွာ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၄၄ ရွာအနက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၂၀ မှာ ၇၀ ရာခိုင်နှုန်း ပြီးစီးကြောင်းနှင့် ကျေးရွာ ၁၂၄ ရွာကို ၂၀၂၀ ပြည့်နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် 11KV ဓာတ်အားလိုင်းနှင့် နှစ်မိုင်အပြင်ဘက်ရှိ လျှပ်စစ်မီးလင်းနိုင်ရန် ကျန်ရှိသည့် ကျေးရွာ ၅၈ ရွာကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းလှိုင်က ပြောသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**




အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးရှေ့၌ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ကျော်ထူးနှင့် စခန်းမှူး ဒုရဲမှူးမြထွန်းကျော်တို့ဦးစီးအဖွဲ့က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့စဉ်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## တေဒင်္ဂရ အသီတိ ရဟန္တာများ





စာရေးသူ အောင်သိမ်းမြတ် စီစဉ်ရေးသားသည့် တေဒင်္ဂရ အသီတိရဟန္တာများ စာအုပ်ထွက်ရှိလာသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ တပည့်သား သံဃာများကို အမှတ်အသားပြုလျက် အစုအဖွဲ့အမည်များ မှတ်သားထားကြပြီး ယင်းတို့အနက် အသီတိရဟန္တာများသည် ထင်ရှား၏။ လက်ယာရံအပါး ၄၀၊ လက်ဝဲရံအပါး ၄၀ ရှိသည်။ ထိုရဟန္တာအပါး ၈၀ အနက် အဆိုပါစာအုပ်တွင် ဖော်ပြထားသည်မှာ လက်ယာရံ ၂၂ ပါးနှင့် လက်ဝဲရံ ၁၉ ပါးဖြစ်သည်။ အရှင်သာရိပုတ္တရာထေရ်၊ အရှင်အညာသိကောဏ္ဍညထေရ်၊ အရှင်ဥရုဝေလကဿပထေရ်နှင့် အရှင်မဟာကဿပထေရ် စသည့်ရဟန္တာ ၄၁ ပါးအကြောင်းကို ရေးသားထားသည်။

စာအုပ်ကို – Renaissance Publishing House အမှတ်–၁၀၅၀၊ ၇–ဈေးလမ်း၊ ၇–အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၂၅၀၁၂၂၉၃၈ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကျောက်စိမ်းရတုနှင့် အတွေးအမြင် ၃၅




အတွေးနက်နက်ဖြန့်ကြက်လိုသူများအတွက် အတွေးအမြင်စာတည်းအဖွဲ့မှ ရွေးချယ်စုစည်းထုတ်ဝေသည့် ကျောက်စိမ်းရတုနှင့် အတွေးအမြင် ၃၅ စာအုပ်ထွက်ရှိလာသည်။

အတွေးအမြင်စာစဉ်ကို ၁၉၈၄ ခုနှစ် အောက်တိုဘာလတွင် စတင်ထုတ်ဝေခဲ့ပြီး လက်ရှိအချိန်တွင် စာစဉ်အမှတ် ၃၂၀ ကျော်ထွက်ရှိခဲ့ပြီးဖြစ်သည်။ အတွေးအမြင်စာစဉ်၏ ရှေးဦးကာလဖြစ်သည့် ၁၉၈၄ မှ ၁၉၉၀ ပြည့်နှစ်အတွင်း ဖော်ပြခဲ့သည့် ဝါရင့်သမ္မာရင့်စာရေးဆရာကြီးများနှင့် ပညာရှင်ကြီးများ၏ လက်ရာဆောင်းပါးများကို နှောင်းလူတို့ ဖတ်ရှုတွေးမြင်ခံစားနိုင်စေရန် ရည်ရွယ်၍ ဆောင်းပါးအပုဒ်ပေါင်း ၆၀ ကျော်ကို ပြန်လည်စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယင်းဆောင်းပါးစုကို ဒေါင်းစာပေ၊ အမှတ်–၁၁၃၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၀၁ ၃၇၃၂၁၀ နှင့် ၀၉ ၅၁၆၂၀၆၄ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## အောင်မြင်သောဘဝ




စာရေးသူ ခင်မောင်သန်း(စိတ်ပညာ) မြန်မာပြန်ဆိုထားသည့် အောင်မြင်သောဘဝ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘဝအောင်မြင်မှု၏ အရေးပါမှု၊ ဘဝအောင်မြင်မှုရရန် ထားရှိရမည့် သဘောတရားများ၊ မိမိကိုယ်ကိုတန်ဖိုးထားမှု၊ မိမိကိုယ်ကို တည်ဆောက်မှု၊ မျှတသော ပတ်ဝန်းကျင်ထားရှိမှု စသည့် အဓိပ္ပာယ်ရှိသည့် ဘဝတစ်ခုတည်ဆောက်နိုင်ရန် သင့်ဘဝအတွက် လက်တွေ့တွေးခေါ် စဉ်းစားရမည့်အချက်များကို ဖော်ပြရှင်းလင်းလမ်းညွှန်ထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို – ပြည့်စုံစာအုပ်တိုက်၊ အမှတ်–၂၆၃၊ အမျိုးသားဝိုင်အမ်စီအေ အဆောက်အအုံ၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၂၉၆၄၄၂ နှင့် ၀၉ ၂၅၀၄၉၆၅၆၉ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## သဘာဝနည်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ လက်တွေ့ကုသနည်း





နှလုံးသွေးကြောကျဉ်းရောဂါခံစားနေရသူများအတွက် စာရေးသူ ဦးသန်းဝင်း (အာဆီယံအင်ဂျင်နီယာ) စီစဉ်ရေးသားသည့် သဘာဝနည်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ လက်တွေ့ကုသနည်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နှလုံးအကြောင်းသိကောင်းစရာ၊ နှလုံး၏အရေးကြီးသော အင်္ဂါအစိတ်အပိုင်း သွေးလှောင်ခန်းများအကြောင်း၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရခြင်းအကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ ရောဂါဝေဒနာရှင်များ၊ စားသုံးသင့်သည့်အစားအစာ၊ ရှောင်ကြဉ်သင့်သည့် အစားအစာ၊ သဘာဝနည်းဖြင့် နှလုံးသွေကြောကျဉ်းရောဂါ လက်တွေ့ကုသနည်းကို လေ့လာတီထွင်၍ လူနာများအား အခမဲ့နည်းပေးပြီး ရောဂါဝေဒနာများ ပျောက်ကင်းအောင်ကုသပေးခြင်းအကြောင်းရင်းများကို ရှင်းလင်းရေးသားထာသည်။

စာအုပ်ကို–ရွှေရည်ဦးစာပေ၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ ကွန်ဒိုအမှတ်(၃–ဘီ)၊ အခန်းအမှတ်(၆၀၃)၊ ရတနာလမ်းမကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၄၃၀၆၆၃၃၁ နှင့် ၀၉ ၅၀၇၀၁၅၇ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## အခက်ဆုံးဟာ... လူနှင့် ကဗျာအနုပညာစုစည်းမှု ၈၅





စာရေးသူ ရွှေဘိုတင်အောင် စီစဉ်ရေးသားသည့် အခက်ဆုံးဟာလူနှင့် ကဗျာအနုပညာစုစည်းမှု ၈၅ စာအုပ်ထွက်ရှိလာသည်။

လူ့လောကတွင် လူသားများသည် အမိုက်ဆုံးဟာလူ၊ အကောက်ကျစ်ဆုံးဟာလူ၊ အရူးဆုံးဟာလူ၊ အတော်ဆုံးဟာလူ၊ သနားတတ်တာလူ၊ ကြင်နာတတ်တာလူ၊ ကျေးဇူးကန်းတာလူ၊ သစ္စာမဲ့တာလူ၊ အချစ်တတ်ဆုံးဟာလူ၊ အမုန်းတတ်ဆုံးဟာလူ၊ သတ္တိရှိတာလူ၊ သူရဲဘောကြောင်တတ်တာလူ၊ မေတ္တာတရားလွန်ခေါင်းပါး ဤကား လူမှလူ။ ဤဇမ္ဗူအမည်တူမရှိ ဘယ်သူဘယ်မူ ဘယ်လိုယူ လူပုံသဏ္ဌာန်ပြ အမှတ်မရ အသိရအဆုံးသည်က လူဖြစ်ကြောင်း အခက်ဆုံးဟာလူ ကဗျာတွင် ရေးသားထားသည်။

စာအုပ်ကို – ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂–လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် အကောက်ခွန်နှုန်းဥပဒေ





စာရေးသူ တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း စီစဉ်တည်းဖြတ်သည့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် အကောက်ခွန်နှုန်းဥပဒေ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြည်တွင်း၊ ပြည်ပ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအပေါ် အကောက်ခွန်စည်းကြပ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ မည်သည့်ပုဒ်မကိုချိုးဖောက်လျှင် မည်သို့အရေးယူဆောင်ရွက်ခြင်း၊ နစ်နာသူက အယူခံဝင်ရောက်နိုင်ခွင့်ရှိခြင်း စသည့်ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို သိရှိနိုင်စေရန် ရေးသားထားခြင်းဖြစ်သည်။

စာအုပ်ကို–စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)တွင် တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဝယ်ယူနိုင်သည်။

## ဟိုတယ်လုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်





ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဆရာဦးဝင်းထိန်(ဟိုတယ်/ခရီး) စီစဉ်ရေးသားသည့် ၄၂ နှစ်တာ ဟိုတယ်လုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် (တတိယအကြိမ်) စာအုပ်ထွက်ရှိလာသည်။

စာရေးသူ၏ ပြည်တွင်း ပြည်ပ ၄၂နှစ်တာရရှိလာခဲ့သည့် အတွေ့အကြုံများကို ရေးသားဖော်ပြထားသည်။ တိုးတက်နေပြီဖြစ်သော မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် စီမံခန့်ခွဲသူများ၊ လုပ်ငန်းဆောင်ရွက်နေသူများ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများ ရွေးချယ်ခြင်း၊ သင်တန်းများ၊ သင်တန်းကျောင်းတည်ထောင်ခြင်း၊ အစားအစာချက်ပြုတ်ခြင်း၊ မုန့်ဖုတ်ခြင်းနှင့်ပတ်သက်သောကျောင်းများ၊ VocationaL Training များ၊ HoteL ProfessioanL ဒီပလိုမာသင်တန်းများနှင့် အဆင့်မြင့် Advanced Managemant သင်တန်းဖွင့်လှစ်ရန်အတွက် စနစ်တကျဆောင်ရွက်နိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို – တင်ရွှေစာပေ၊ အမှတ်–၁၁၊ ကမ္ဘောဇရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉၅၁၁၇၆၈၃ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## အင်္ဂလိပ်စာ စာစီစာကုံးများ

### မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (400 Words)




အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် စာရေးသူထိန်လင်း (BE. Mechanical) စီစဉ်ရေးသားသည့် အင်္ဂလိပ်စာ စာစီစာကုံးများ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (400 Words) စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ် လူငယ်တော်တော်များများသည် အင်္ဂလိပ်စာသဒ္ဒါကို တတ်ကျွမ်းသူများရှိကြသည်။ အင်္ဂလိပ်စာသဒ္ဒါကို တတ်ကျွမ်းပေမယ့် အချို့သည် အင်္ဂလိပ်စကားမပြောတတ်သည့် အခက်အခဲများဖြစ်နေတတ်ကြသည်။ ထိုအခက်အခဲများကို မဖြစ်စေရန် ယခုလို အခြေခံပညာအလယ်တန်းမှ မြန်မာစကားပြောဆိုသုံးနှုန်းပုံစံများ၊ တည်ဆောက်မှုပုံစံများကို သဒ္ဒါအလွတ်တွေးခေါ်ရေးသားနိုင်စေရန် အဆိုပါစာအုပ်တွင် ဖန်တီးရေးသားထားသည်။

စာအုပ်ကို – မဈေ့မြဲမစာပေ၊ အမှတ်–၂၃၇၊ ပထမထပ်၊ ၃၉–လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၇၇၃၇၇၄၇၃၃ နှင့် ၀၁ ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## တိုတိုထွာထွာဖတ်စရာ

### ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပါယောင်း(၁)ကျေးရွာတွင် အောက်တိုဘာ ၂၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော ဒေါ်နာန္နူး၏မိသားစုအား ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၂၂ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြုလုပ်သည်။

မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ရာ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်း၊ ဆန်ရိက္ခာဖိုး ခုနစ်ရက်စာအတွက် ငွေကျပ်၁၀၅၀၀နှင့် မိသားစုအသုံးအဆောင် ကယ်ဆယ်ရေးပစ္စည်း ၂၂မျိုးပါတစ်ပုံးတို့ကို တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ထောက်ပံ့ခဲ့သည်။ **သန်းထွန်းအေး(ပြန်/ဆက်)**

### အရုပ်ဆက်ဂိမ်းပြိုင်ပွဲပြုလုပ်

**တောင်သာ**

ကျောင်းသား ကျောင်းသူများ တွေးခေါ်စွမ်းရည်ထက်မြက်စေရန် အနောက်ရပ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများအား အရုပ်ဆက်ဂိမ်းပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက တောင်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အရုပ်ဆက်ဂိမ်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ဆုများချီးမြှင့်ခဲ့သည်။ **ကျော်မျိုးနိုင်(တောင်သာ)**

### အနေးယာဉ်များ လိုင်စင်သက်တမ်းတိုးပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် စည်ပင်သာယာရေးရုံးဝင်းအတွင်း အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် ရုံးချိန်အတွင်း တရားဝင်လိုင်စင်ရှိအနေးယာဉ် ၄၅၃ စီးကို သတ်မှတ်ထားသော အနေးယာဉ်ကိုယ်ထည်ပေါ်တွင် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကိုက်ညီမှုရှိ-မရှိ ကြည့်ရှုစစ်ဆေးခြင်း၊ သက်တမ်းတိုး လိုင်စင်အသစ်လဲလှယ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**

### မယ်စဲ့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့်လူထုတွေ့ဆုံ

**မယ်စဲ့**

လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ပြည်သူလူထုနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၂၂ ရက်က မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာနှင့် မယ်ဆည်နမ်ကျေးရွာတို့၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက ကျေးရွာလိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ပြည်သူများဘက်ကလည်း မိမိတို့လိုလားချက်များကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**



အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ပန်းတင်ကျေးရွာ(မြောက်)ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ သာဝတ္ထိနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒု- ရဲအုပ်မျိုးသက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ချောင်းတိန်ကျေးရွာ၌ သစ်ပုပ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဆွေနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရုပ်ဗေဒ)**

# သန်လျင်ကျိုက်ခေါက်စေတီ မသိုးသင်္ကန်းရက်လုပ်ပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့ ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စေတီတော်ဂေါပကအဖွဲ့မှ ဆပ်ကော်မတီများဖွဲ့စည်း၍ ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

(၃၈) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ရင်ပြင်တော် ရှုခင်းသာတန်ဆောင်း၌ ရက်ကန်းစင်တော် ကိုးစင်ဖြင့် ရက်လုပ်ပူဇော်ပြီး တန်ဆောင်မုန်းလပြည့်နံနက် အရုဏ်တက်တွင် စေတီတော်အာရုံခံတန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကပ်လှူပူဇော်မည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့နယ်အတွင်းရှိကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် ၃၀၆ ပါးတို့အား စာရေးတံမဲနှင့် ငွေပဒေသာပင်များ လောင်းလှူမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် စေတီတော်မြတ်ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၅၅၉၀၈၀၇၇၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# မြန်မာနိုင်ငံ၏ ပထမဆုံး ကွင်းတွင်းလမ်းကြမ်း ဆိုင်ကယ်စီးပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၃**

Mandalay Free Riderကဦးစီး၍ လူငယ်များ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရေးနှင့် ကွင်းတွင်းလမ်းကြမ်း ဆိုင်ကယ်စီးပြိုင်ပွဲကို အောက်တိုဘာ၂၆ ရက် နံနက်၉ နာရီတွင် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အပန်းဖြေစခန်းအနီးရှိ 11 Mile MX Bike Parkနေရာ၌ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၇၈ လမ်း ခင်စောမူကွေ့ရှိ ရွှေပြည်သာစားသောက်ခန်းမတွင် ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ပြိုင်ပွဲတွင် MMX-A(Senior) 231cc နှင့် 231cc အထက် (Pro)-အတန်း၊ MMX-A(Junior) 231cc နှင့် 231cc အထက် (Pro) အတန်းပြိုင်ပွဲဝင်များက ကွင်း ၁၀ ပတ်၊ MMX-B(Senior) နှင့် (Junior)125cc မှ 230cc အထိ (Master) အတန်းပြိုင်ပွဲဝင်များက ကွင်းခုနစ်ပတ်နှင့် MMX-C110cc မှ 125cc (Beginner) အတန်းပြိုင်ပွဲဝင်များက ကွင်းငါးပတ်စီးနင်း၍ ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံတစ်ပုံ၊ အသက်အာမခံနှင့် ပြိုင်ပွဲဝင်ကြေး ငွေကျပ်၂၀၀၀၀တို့နှင့်အတူ အောက်တိုဘာ ၂၅ ရက် နောက်ဆုံးထား၍ ၃၂x၃၃ လမ်းကြား၊ ၇၇ လမ်း 501 Fashion Shop၊ ခုနစ်မိုင် Mini Beach နှင့် 11Mile MX Bike Park တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ အတန်းငါးတန်းမှ ပြိုင်ပွဲဝင်ကစားသမားများအတွက်FNI အာမခံတစ်ယူနစ်ပါဝင်ကြောင်းနှင့် ပြိုင်ပွဲကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကို အောက်တိုဘာ ၂၇ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# မြေဆီလွှာပြုပြင်ခြင်းနှင့် မြေသြဇာစနစ်တကျသုံးစွဲနိုင်ရေး သင်တန်းဖွင့်



**တောင်ငူ အောက်တိုဘာ ၂၃**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ACIAGs Project တို့ ပူးပေါင်း၍ မြေဆီလွှာအာဟာရပြုပြင်ခြင်း၊ မြေသြဇာစနစ်ကျစွာ သုံးစွဲနိုင်ရန် စီမံခန့်ခွဲမှုသင်တန်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအသုံးချရေးဌာန(ခွဲ)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က တောင်သူများသည် မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကို အသုံးပြုခြင်းထက် ခေတ်မီစိုက်ပျိုးနည်းပညာများကို လေ့လာခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်မြင့်၊ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် ကျွမ်းကျင်ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

သင်တန်းသို့ ဒေသခံတောင်သူ ၇၀ ကျော် တက်ရောက်ခဲ့ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးခုနှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတို့တွင် သင်တန်းများဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်ရေး ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် ကလိုင်ကျေးရွာသို့ ပထမအကြိမ် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသော ငွေကျပ် သိန်း ၃၀၀ အား ပြန်လည်ပေးဆပ်ရမည့်အချိန်ကာလသို့ရောက်တော့မည်ဖြစ်ရာ မြစိမ်းရောင်ချေးငွေများ အချိန်မီပေးဆောင်နိုင်ရေးအတွက် အောက်တိုဘာ ၂၁ ရက်က သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက အသိပေးနှိုးဆော်ခြင်း၊ စာရင်းဇယား၊ ငွေစာရင်းပုံစံများ စစ်ဆေးခြင်း၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမအသင်းစုရုံးတွင် ကျင်းပစဉ်။ **ဆရာမင်း(ရုပ်ဗေဒ)**

# ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမ္ဘာန်ချောင်းကျေးရွာရှိ ဇေယျာသုခကျောင်းတိုက်ဓမ္မာရုံ၌ အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်း၊ ဒေါက်တာထင်ရှားအောင်နှင့် ကျန်းမာရေးမှူး ဒေါ်နီနီဝင်းတို့က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ပျော်ဘွယ်ကြီးတိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်လင်းဦးနှင့် ဆရာ၊ ဆရာမများက ဒေသခံပြည်သူများအား ဆီးချို၊ သွေးချို၊ သွေးတိုး စသည့်ရောဂါရှိ၊ မရှိ စမ်းသပ်စစ်ဆေးပေးခြင်း၊ ကူးစက်တတ်သောရောဂါများနှင့် မကူးစက်တတ်သော ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောပြီး လိုအပ်သောဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# မန်စီးတီးက စတာလင်နဲ့ ပီအက်စ်ဂျီက အမ်ဘတ်ပီတို့ ဟက်ထရစ်သွင်းဂိုးများ သွင်းယူ

အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှာ ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေမှာ မန်စီးတီးအသင်းက စတာလင်နဲ့ ပီအက်စ်ဂျီအသင်းက အမ်ဘတ်ပီတို့ဟာ ပြိုင်ဘက်အသင်းတွေဘက်ကို ဟက်ထရစ်သွင်းဂိုးတွေ သွင်းယူနိုင်ခဲ့ပါတယ်။

စတာလင်ဟာ မန်စီးတီးအသင်းနဲ့ အတ္တလန္တာအသင်းတို့ပွဲစဉ်မှာ ပွဲကစားချိန် ၅၈၊ ၆၄ နဲ့ ၆၉ မိနစ်တို့မှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီး စတာလင်ရဲ့ သွင်းဂိုးသုံးဂိုးအပါအဝင် မန်စီးတီးအသင်းက အတ္တလန္တာအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီကတော့ ကလပ်ဘရုဂျ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲစဉ်မှာ ပွဲကစားချိန် ၆၁၊ ၇၉ နဲ့ ၈၃ မိနစ်တို့မှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အမ်ဘတ်ပီရဲ့ သွင်းဂိုးသုံးဂိုးအပါအဝင် ပီအက်စ်ဂျီအသင်းက ကလပ်ဘရုဂျ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ အက်သလက်တီကိုမက်ဒရစ်က လေဗာကူဆင်ကို တစ်ဂိုး-ဂိုးမရှိ၊ ရီးယဲလ်မက်ဒရစ်က ဂါလာတာစာရေးကို တစ်ဂိုး-ဂိုးမရှိ၊ စပါးက ဘဲဂရိတ်ကို ငါးဂိုး-ဂိုးမရှိ၊ ဂျူဗင်တပ်က လိုကိုမိုးတစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘိုင်ယန်မြူးနစ်က အိုလံပီယာကို့စ်ကို သုံးဂိုး-နှစ်ဂိုး စသဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြပြီး ရှက်တာဒိုးနက်စ်ခ်နဲ့ ဒိုင်နမိုဇာဂရက်ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာဖြစ်ပါတယ်။

# လူမှုမီဒီယာတွေက ကမ္ဘာ့အကောင်းဆုံးကစားသမားလားလို့ မေးခွန်းထုတ်ခံရတဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီး

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ အိုလံပီယာကို့စ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အတွက် နှစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် လူမှုမီဒီယာတွေက ကမ္ဘာ့အကောင်းဆုံး ကစားသမားလားလို့မေးခွန်းထုတ်ခြင်းကို ခံခဲ့ရတာပါ။

အသက် ၃၁ နှစ်အရွယ်ရှိ ပိုလန်ကြယ်ပွင့် လီဝန်ဒိုစကီးဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွင်းမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် ၁၇ ပွဲမှာ ၂၀ ဂိုး သွင်းယူပေးထားပြီး ကမ္ဘာ့အကောင်းဆုံးဟာ လီဝန်ဒိုစကီးလား၊ မက်ဆီလား၊ စီရိုနယ်လ်ဒိုလား ဆိုပြီး မေးခွန်းထုတ်လာခဲ့တာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၉ ခုနှစ်ရဲ့ စာရင်းအချက်အလက်တွေအရဆိုရင် အဲဒီမေးခွန်းကို ငြင်းပယ်စရာမရှိပါဘူး။ ဘာလို့လဲဆိုရင် လီဝန်ဒိုစကီးထက်ပိုပြီး ကလပ်အသင်းတွေမှာ ဂိုးအများဆုံးသွင်းထားတဲ့ ကစားသမားမရှိသေးပါဘူး။

၂၀၁၉ ခုနှစ်အတွင်း ထိပ်တန်းလိဂ်ငါးလိဂ်မှ ကစားသမားတွေနဲ့ ယှဉ်လိုက်ရင် လီဝန်ဒိုစကီးဟာ ၃၆ ပွဲကစားအပြီးမှာ ၃၆ ဂိုး သွင်းယူထားပြီး မက်ဆီက ၃၆ ပွဲမှာ ၃၂ ဂိုး၊ အမ်ဘတ်ပီက ၃၂ ပွဲမှာ ၂၉ ဂိုး၊ အဂူရိုက ၃၅ ပွဲမှာ ၂၉ ဂိုး၊ စတာလင်က ၃၉ ပွဲမှာ ၂၇ ဂိုးနဲ့ စီရိုနယ်လ်ဒိုက ၂၉ ပွဲမှာ ၁၈ ဂိုး စသည်ဖြင့် သွင်းယူထားကြလို့ပဲ ဖြစ်ပါတယ်။

တိုက်စစ်မှူးလီဝန်ဒိုစကီးဟာ အခုနှစ် ဘောလုံးရာသီမှာ ဟက်ထရစ်နှစ်ကြိမ် သွင်းယူနိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အတွက် တစ်ကြိမ်နဲ့ ပိုလန်အတွက်တစ်ကြိမ် သွင်းယူထားတာဖြစ်ပါတယ်။ လီဝန်ဒိုစကီးဟာ ၂၀၁၉ ခုနှစ်အတွင်း ဂိုးအများဆုံး သွင်းယူထားသလို ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာလည်း လက်ရှိအချိန်အထိ ပြိုင်ပွဲအရပ်ရပ် ၁၃ ပွဲမှာ ၁၈ ဂိုးသွင်းယူထားပြီး စတာလင်က ၁၃ ပွဲမှာ ၁၂ ဂိုး၊ ဘီလော့တီက ၁၄ ပွဲမှာ ၁၁ ဂိုး၊ အင်မိုဘိုင်းလ်က ကိုးပွဲမှာ ၁၀ ဂိုး၊ အဂူရိုက ၁၀ ပွဲမှာ ၁၀ ဂိုး သွင်းယူထားတာဖြစ်ပါတယ်။

လီဝန်ဒိုစကီးဟာ အဲဒီလို စံချိန်တွေရှိခဲ့တဲ့အပြင် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးစာရင်းမှာလည်း ငါးဦးမြောက် ဂိုးသွင်းအများဆုံးနေရာမှာ ရပ်တည်နေပြီး စီရိုနယ်လ်ဒိုက ၁၂၇ ဂိုး၊ မက်ဆီက ၁၁၂ ဂိုး၊ ရာအူးလ်က ၇၁ ဂိုး၊ ဘင်ဇီမာက ဂိုး ၆၀ နဲ့ လီဝန်ဒိုစကီးက ၅၇ ဂိုး အသီးသီးသွင်းယူထားတာဖြစ်ပါတယ်။





# ဒေးဗစ်ဖလားယှဉ်ပြိုင်မယ့် စပိန်အသင်းတွင် ရာဖေးလ်နာဒယ် ပါဝင်လာမည်

လာမယ့်လအတွင်းမှာ စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပမယ့် ဒေးဗစ်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်မယ့် စပိန်အသင်းနဲ့အတူ ကမ္ဘာ့နံပါတ် ၂ အဆင့်ရှိ တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ် ပါဝင်လာမှာဖြစ်တယ်လို့ သိရပါတယ်။

ရာဖေးလ်နာဒယ်ဟာ နည်းပြ ဘရူဂူရာရွေးချယ်ခဲ့တဲ့ ကစားသမားငါးဦးစာရင်းမှာ ရောဘတ်တိုဘောတစ်စတာ၊ ပါဘလိုကာရန်နို၊ ဖီလီစီယာနိုလိုပက်ဇ်၊ မာစယ်ဂရန်နိုလ်လာတို့နဲ့အတူ ပါဝင်လာတာဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ လွန်ခဲ့တဲ့ သီတင်းသုံးပတ်က ကျင်းပခဲ့တဲ့ ရှန်းဟိုင်းမာစတာတင်းနစ်ပြိုင်ပွဲမှာ လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီး ကျန်းမာကြံ့ခိုင်စွာ ပြန်လည်ကစားနိုင်ခဲ့မယ်ဆိုရင် ၁၉ ကြိမ်မြောက် အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ဖို့လည်း မျှော်လင့်ထားတာဖြစ်ပါတယ်။

ဒေးဗစ်ဖလားပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်မှာ စတင်မှာဖြစ်ပြီး စပိန်အသင်းကတော့ အုပ်စု(ဘီ)မှာ ရုရှား၊ ခရိုအေးရှားတို့နဲ့တစ်အုပ်စုတည်း ကျရောက်နေတာဖြစ်ပါတယ်။ အသင်းအားဖြင့် ၁၈ သင်း၊ အုပ်စုအားဖြင့် ခြောက်အုပ်စုခွဲကာ ယှဉ်ပြိုင်မှာဖြစ်ပြီး အုပ်စုခြောက်အုပ်စုက အုပ်စုပထမရတဲ့ အသင်းခြောက်သင်းနဲ့ ဒုတိယနေရာရတဲ့အသင်းတွေထဲက အမှတ်အများဆုံးရတဲ့ အသင်းနှစ်သင်းတို့ဟာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပါတယ်။

# ချယ်လ်ဆီးက တိုက်စစ်မှူး အေဘရာဟမ်ကို ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုမည်

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး အေဘရာဟမ်ကို ကာလရှည်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ရှိနေပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး အေဘရာဟမ်ဟာ ယခုနှစ်ဘောလုံးရာသီအစမှာ ချယ်လ်ဆီးအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

အေဘရာဟမ်ရဲ့ လက်ရှိ စာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် အသင်းအတွက် အားထားရတာကြောင့် နည်းပြ ဖရန့်လမ်းပတ်က စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အေဘရာဟမ်ဟာ ယခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ရှစ်ဂိုးသွင်းယူထားပြီး မန်စီးတီးအသင်း တိုက်စစ်မှူး အဂူရိုရဲ့သွင်းဂိုးနဲ့ တူညီနေကာ ပရီမီယာလိဂ်ဂိုးသွင်းအများဆုံး ကစားသမားစာရင်းမှာလည်း ပါဝင်နေတာဖြစ်ပါတယ်။

# ချယ်လ်ဆီးတိုက်စစ်မှူး ဂျရူးကို ခရစ္စတယ်ပဲလေ့အသင်းက ခေါ်ယူလိုဟုဆို

ခရစ္စတယ်ပဲလေ့အသင်းဟာ ချယ်လ်ဆီးအသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂျရူးကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဂျရူးဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေရတာကြောင့် ခရစ္စတယ်ပဲလေ့အသင်း နည်းပြ ရွိုင်းဟော့ဂ်ဆန်က အသင်းအတွက် လိုအပ်နေတဲ့ သွင်းဂိုးတွေကို သွင်းယူနိုင်ဖို့ ဂျရူးကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးဂျရူးဟာ ဩဂုတ်လကတည်းက ချယ်လ်ဆီးအသင်းရဲ့ ပွဲစဉ်တွေမှာ ပါဝင်မကစားနိုင်ခဲ့တဲ့အပြင် နည်းပြလမ်းပတ်ကလည်း လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ဂျရူးကို ရောင်းချဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။

# ဂျူဗင်တပ်နဲ့အက်သလက်တီကိုမက်ဒရစ်က နောက်ခံလူ နက်သန်ဖာဂူဆန်ကို ခေါ်ယူမည်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ ဝက်စ်ဘရွန်းအသင်း နောက်တန်းကစားသမား နက်သန်ဖာဂူဆန်ကို ခေါ်ယူမယ်လို့ဆိုပါတယ်။ အသက် ၁၉ နှစ်အရွယ်ရှိ နက်သန်ဖာဂူဆန်ဟာ အခုနှစ် ဘောလုံးရာသီမှာ နည်းပြ ဘီလစ်လက်ထက် ဝက်စ်ဘရွန်းအသင်းရဲ့ ခံစစ်ပိုင်းမှာ အကောင်းဆုံး ခြေစွမ်းပြနေတာဖြစ်ပါတယ်။

ဝက်စ်ဘရွန်းအသင်းဟာ အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်မှုနဲ့အတူ အခုနှစ် ဘောလုံးရာသီ ချန်ပီယံရှစ်မှာ ၁၂ ပွဲကစားပြီးနောက် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းခံစစ်ကြောင်းမှာ အားထားရတဲ့ နောက်တန်းကစားသမား နက်သန်ဖာဂူဆန်ရဲ့ ခြေစွမ်းကို စောင့်ကြည့်နေတဲ့ ဂျူဗင်တပ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့က အပြိုင်ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

# ရက်ရွှေ့ဆိုင်းလိုက်တဲ့ အယ်လ်ကလက်စီကို ပွဲစဉ် ဒီဇင်ဘာ ၁၈ ရက်တွင် ကစားမည်

ရက်ရွှေ့ဆိုင်းလိုက်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ကစားမယ့် အယ်လ်ကလက်စီကိုပွဲစဉ်ကို ဒီဇင်ဘာ ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်တယ်လို့ စပိန်ဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာ ၂၃ ရက်မှာ အတည်ပြုပြောကြားလိုက်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ရီယဲလ်မက်ဒရစ်အသင်းတို့ရဲ့ အယ်လ်ကလက်စီကိုပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက်မှာ ကျင်းပဖို့ စီစဉ်ထားခဲ့ပေမယ့် အိမ်ရှင်အဖြစ် ကျင်းပရမယ့် ဘာစီလိုနာမြို့ရဲ့ ကတ်တလိုနီးယားဒေသမှာ ဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့လို့ ရက်ရွှေ့ဆိုင်းဖို့ဆုံးဖြတ်ခဲ့ပြီး လာလီဂါက အဲဒီပွဲစဉ်ကို ဒီဇင်ဘာ ၄ ရက် သို့မဟုတ် ဒီဇင်ဘာ ၇ ရက်မှာ ကျင်းပဖို့ အဆိုတင်သွင်းခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် လာလီဂါရဲ့အဆိုကို လက်မခံခဲ့ဘဲ စပိန်ဘောလုံးအဖွဲ့ချုပ်က အဆိုပါပွဲစဉ်ကစားမယ့်ရက်ကို သဘောတူညီဖို့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ဖိတ်ကြားပြီး ဒီဇင်ဘာ ၁၈ ရက်မှာ ကျင်းပဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာမှာ ဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့လို့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အိမ်ကွင်းဘာနေဗျူးကို ပြောင်းရွှေ့ကစားဖို့ လာလီဂါက တောင်းဆိုခဲ့ပေမယ့် နှစ်သင်းစလုံးက ငြင်းပယ်ခဲ့တာကြောင့် အခုလို စပိန်ဘောလုံးအဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

Hmwe Taunggyi Business Group Travel & Tours Co.,Ltd

# သာကီနွယ်

အထူးအဆင့်မြင့်ဗုဒ္ဓဂယာ နှင့် သိဒ္ဓိရလင်္ကာဘုရားဖူးအဖွဲ့

ထွက်ခွါမည့်ရက်များ

Dec - 7,14,20,23,28,31

Jan - 10,16,18,25

Shine Condo

HotLine : 01-200952

**BILLBOARD ADVERTISING HOT PRICE FOR 1 YEAR**

| | | |
|---|---|---|
| (1) | Ka Bar Aye Pagoda Road | 285 Lakhs |
| (2) | Pan So Dan Bridge | 285 Lakhs |
| (3) | Pan So Dan Bridge | 285 Lakhs |
| (4) | Pan So Dan Bridge | 285 Lakhs |
| (5) | Nay Pyi Daw (Myo Ma Market) | 110 Lakhs |
| (6) | Sa Gai (Near Sa Gai Bridge) | 30 Lakhs |
| (7) | Yan Gon - Man Da Lay Hiway | 39 Lakhs |
| (8) | Pa Thain | 25 Lakhs |

21AD 01 377093 0973200201 0973200189

စကြာမင်း စွမ်းအားမြင့်ဆေး (Powerboost)

စကြာမင်း အသည်းဆေး (Liver Care)

စကြာမင်း ဆီးကျောက်ကြေဆေး (Urosolve)

Set Kyar Minn Pharmaceuticals - 09423148232, 09423148233.

**ဝန်ထမ်းအလိုရှိသည်။** (အိမ်သာခင်းဖြန့်ချိရေးတွင် တာဝန်ထမ်းဆောင်ရန်)

၁။ အရောင်းဝန်ထမ်း — ကျား/မ (၁၀)ဦး

Shopping Centre များ၏ ဖွင့်/ပိတ် ချိန်အတိုင်း လုပ်ကိုင်နိုင်သူ၊ promotion ပွဲများလိုက်နိုင်သူ။

၂။ Driver — ကျား (၃)ဦး

၃။ Store Keeper — ကျား (၃)ဦး

စတို၊ Ware House ၊ ပစ္စည်းထိန်းသိမ်းရေးဆိုင်ရာ အတွေ့အကြုံရှိရမည်။

Kaday Myaing Co., Ltd

(၂၆-၁၀-၂၀၁၉)

## "ရဟ်မသ်ဘီ(ခ)မအိအိမိုးနှင့် သက်ဆိုင်မှု မရှိတော့ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အဒူလ်စလ္လာမ်(ခ)မောင်စိုးမြင့် (SPTA-038564)နှင့် ရဟ်မသ်ဘီ(ခ)မအိအိမိုးတို့သည် ၇-၁၂-၂၀၁၈ရက်တွင် "နေကာဟ်"ထိမ်းမြားခဲ့ပါသည်။

သို့ရာတွင် ရဟ်မသ်ဘီ(ခ)မအိအိမိုးသည် အိမ်ထောင်သက်တမ်း(၆)လအတွင်း ၁၉-၆-၂၀၁၉ရက်၌ ၎င်း၏မိခင်၊ အစ်ကိုဖြစ်သူတို့နှင့်အတူ အလည်သွားရန်ဟုဆိုကာ ခေတ္တလိုက်သွားစဉ် ယနေ့အချိန်အထိ ခင်ပွန်းဖြစ်သူထံသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိတော့သဖြင့် ခင်ပွန်းဖြစ်သူကိုယ်တိုင်မှလည်းကောင်း၊ လူကြီးစုံရာနှင့်လည်းကောင်း အကြိမ်ကြိမ်သွားရောက် ခေါ်ဆောင်ခဲ့သော်လည်း ပြန်လည်လိုက်ပါခဲ့ခြင်းမရှိပါ။

ထို့ကြောင့် အဒူလ်စလ္လာမ်(ခ)မောင်စိုးမြင့်မှ ရဟ်မသ်ဘီ(ခ)မအိအိမိုးအပေါ် ၁၁-၇-၂၀၁၉ရက်တွင်လည်းကောင်း၊ ၁၉-၉-၂၀၁၉ရက်တွင်လည်းကောင်း၊ ၁၉-၁၀-၂၀၁၉ရက်တွင်လည်းကောင်း ပြန်လည်ရုပ်မသိမ်းနိုင်သော "သွလာဂ်" သုံးကြိမ်(၃)ခါ ပေး၍ အစ္စလာမ့်ဥပဒေနှင့်အညီ ကွာရှင်းကြေညာမှုပြုပြီး ဖြစ်ပါသည်။

သို့ပါ၍ အဒူလ်စလ္လာမ်(ခ)မောင်စိုးမြင့်နှင့် ရဟ်မသ်ဘီ(ခ)မအိအိမိုးတို့သည် လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများ သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် တစ်ဦးနှင့်တစ်ဦး၏ ဂုဏ် သိက္ခာထိခိုက်စေမည့် ကိစ္စရပ်များ ပြောဆိုလာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဟ်မသ်ဘီ(ခ)မအိအိမိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**အဒူလ်စလ္လာမ်(ခ)မောင်စိုးမြင့်**
**(SPTA-038564)**

**လွှဲအပ်ချက်အရ**
**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၁၃)**
**အမှတ်(၄၂)၊ ၄လွှာ၊ လမ်း-၁၄၀၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅**

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ရောင်ခြည်ထိစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
Ph:09-450454771
09-450454772
09-450454773

## ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | လွယ်ဂျယ်မြို့၊ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေး(BLO)ရုံး အစည်းအဝေးခန်းမ ပေ(၃၀x၂၀x၁၂) RC(၁)ထပ် ဆောက်လုပ်ခြင်း။ |
| ၂ | အစိုးရအဖွဲ့ရုံး၊ အမှုတွဲခန်း RC (၁)ထပ် ပေ(၈၀x၂၅x၁၂)ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၃ | ပူတာအိုခရိုင်စုပေါင်းရုံးဆောက်လုပ်ခြင်းလုပ်ငန်း |
| ၄ | မြစ်ကြီးနားမြို့တွင်း CCTV တပ်ဆင်ခြင်းလုပ်ငန်း |
| ၅ | မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအို(၄)ခရိုင်အတွင်းရှိ မြို့များတွင် AC(နိုင်လွန်) ကတ္တရာခင်းခြင်းလုပ်ငန်း (၁၄)ခု |

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၃-၁၀-၂၀၁၉ရက်(ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၉ရက်၊ ၁၅:၀၀နာရီအထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၅။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၀၇၄-၂၅၂၉၅၄၄၊ ၀၇၄-၂၅၂၄၂၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

**ဓိနိဂင်းနှင့်ရောင်းရင်းများ**

တန်ဆောင်တိုင် ဘုရားဖူးခရီးစဉ်များ(8-10-19)ထွက်မည်။

▲ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် (သီးသန့်) (၄)ရက်။ ▲ ကျိုက်ထီးရိုး(နေ့စဉ်)
▲ တောင်ကြီး၊ အင်းလေး၊ လွိုင်ကော် (၅)ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၄)ရက်။ ▲ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် (၅)ရက်။
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် (၄)ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ ရ မိုင်ကမ်းခြေ (၃)ရက်။
▲ အင်းတော်ကြီး၊ မြစ်ဆုံ၊ ဖလုံတောင် (၅)ရက်။ ▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ(၅)ဂူ။

09-780055553,09-780055554,01-249871,01-255553

**သန်းငွေ့နှင့်ရောင်းရင်းများ** ၏ တန်ဆောင်တိုင်ခရီးစဉ်များ

☆ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။ Nov 1,8,15,22,29
☆ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက်။ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။
☆ မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ မုံရွာ (၄)ရက်။ ☆ မြဝတီ၊ မဲဆောက် (၃)ရက်။
☆ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ(၅)ရက်၊ မြိတ်ပါ(၆)ရက်။
☆ မြိတ်ဘုရားစုံ၊ မောတောင်၊ ပရကျွတ်(၅)ရက်။ Hotel Package- (8-11-2019)

01-380141, 01-241863, 09-43043109, 09-30284810

Premier League SKYNET OFFICIAL BROADCASTER

MPT မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပရီးမီးယားလိဂ်ဘောလုံးပွဲများကို MPT Ballone App တွင် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပါပြီ . . .

စာရင်းသွင်းခ အခမဲ့ဖြစ်သည့်အပြင် စာရင်းပေးသွင်းဖို့အတွက် ဘာမှလုပ်စရာမလိုဘဲ ဝန်ဆောင်မှုရယူနိုင်ပါသည်။

Download ရယူရန် *2020#



MPT4U

Google Play App Store

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 call free 24 hours everyday

## ဒေါ်ငယ် (ကျောက်ဖြူ)

**အသက်(၇၈)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးသာငြိမ်း-ဒေါ်အိမ်သူ)တို့၏ သမီး၊ မြေပုံမြို့နေ (ဦးသာအေး)၏ ညီမ၊ တောင်ကုတ်မြို့နေ ဦးမောကြိုတ်၏ အစ်မ၊ ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံဝန်ထမ်းအိမ်ရာနေ ဦးသိန်းဦး (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ-ဒဂုံမြောက်မြို့နယ်)-ဒေါ်မာမာစန်း (အင်ဂျင်နီယာမှူး-ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံ)တို့၏ မိခင်၊ မသဉ္ဇာထက်၊ မယဉ်မင်းထက်၊ မောင်ထက်ဖေလင်းတို့၏ အဘွား၊ (ဦးစောပါရီ)၏ ချစ်လှစွာသောဇနီး ဒေါ်ငယ်သည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှမြင့်

**ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ လ-ဝ-က**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၁)လမ်း၊ အမှတ်(၁၀)နေ (ဦးစိန်ဝင်း-ဒေါ်တင်မေ)တို့၏ သမီး၊ ဦးခင်မောင်ချို၏ ဇနီး၊ ဦးမောင်မောင်သန်း-ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ မသီဂီ၏ ချစ်လှစွာသောအဒေါ်၊ ကိုအောင်ကိုမြင့်-မမြင့်သီတာချို၊ ကိုရန်မျိုးအောင်-မမြင့်မောလာချိုတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကောင်းခန့်ဇေ၊ မောင်ဘုန်းခန့်သွေး တို့၏ အဘွားသည် ၂၃-၁၀-၂၀၁၉ ရက် နံနက် ၈:၀၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုက္ကစံအအေးတိုက်မှ ကျိုက္ကစံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ပြေ ၁၁ လမ်း၊ အမှတ် ၁၀ နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာမာ

**စက်မှု-၁၊ (ငြိမ်း)**

**အသက်(၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ (ဦးကျင်ဌေး-ဒေါ်ကျင်သန်း)တို့၏ ဒုတိယသမီး၊ ဒေါ်ထွေးထွေးရီ၏ အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ ခြံအမှတ် (၇)နေ ဦးညွန့်ငွေး(စက်မှု-၁)၏ ဇနီး၊ ဦးစိုးကိုကိုငွေး (အမှတ်-၂ တပ်မတော်ဆေးရုံ)-ဒေါ်ဇင်ဝေလွင်၊ မောင်ငြိမ်းကိုကိုငွေး၊ မဟေမာညွန့်ငွေး(ခေတ္တ-ဂျပန်)တို့၏ မိခင်၊ မြေးတစ်ယောက်၏ အဘွားသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ (လှိုင်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးထွန်းထွန်းဝင်းကြည် (အထက-၁၊ ဒဂုံ) အသက်(၅၀)**

ရန်ကုန်မြို့နေ (ဦးကိုကိုကြည်-ဒေါ်ကြင်ကြင်ဝင်း)တို့၏ သားငယ်၊ (ဦးထွန်းစိန်)-ဒေါ်ခင်ဆွေနွဲ့တို့၏ သားသမက်၊ ဒေါ်နိုင်နိုင်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်နိုင်ဝင်းကြအည် (Associate Manager Automation JFE Meranti Myanmar)၊ မောင်အောင်မြတ်သူ (3rd Mate PIL Shipping)-မစန္ဒီဝင်းကြည် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းထက်မြတ်သူ၏ အဘိုးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀နာရီတွင် အစ္စရေးနိုင်ငံ Al-Ahli Hospital ၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့)တွင် အမှတ် (၉၆)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အာနိသ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

(၂၄-၁၀-၂၀၁၃ - ၂၄-၁၀-၂၀၁၉)

## ဦးစိန်ဝင်း

**B.A (Law) L.L.B (1st Batch)**

**အောင်ဆန်း(၇) တရားရေးသင်တန်းဆင်း**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**Managing Director, Diamond Win Co.,Ltd.**

မိသားစုနှင့် ခွဲခွာသွားသည်မှာ (၆)နှစ်ပြည့်သွားသော်လည်းနေ့စဉ် သတိရတမ်းတဆဲပါ။ အစဉ်သတိရလျက် လှူဒါန်းပြီး၊ လှူဒါန်းဆဲ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ---အမျှ---အမျှ ပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာခု ခေါ်ဆိုနိုင်ပါစေ၊ ကျေးဇူးတရားများကို သတိရအောက်မေ့လျက်။

**ချစ်ဇနီး** - **ဒေါ်အန်းမေရီ**

**ချစ်သားသမီးများ** - **ဦးဇော်ထက် - ဒေါ်ခင်သူဇာဝင်း**
**ဦးဇာနည်ဝင်း-ဒေါ်ငွေစီသိန်း**
**ဦးဧယျာဝင်း-ဒေါ်ဝင်းစိုးထွေး**
**Ken Gerard - ဒေါ်ခင်သီတာဝင်းနှင့်**
**မြေးကိုးယောက်**

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးကြည်ခင် (ရွှေပန်းထိမ်ဆရာကြီး)

**အသက်(၈၇)နှစ်**

မော်လမြိုင်မြို့နေ (ဦးညို-ဒေါ်ရီ)တို့၏ သား၊ အမှတ်(၁၉)၊ မြေညီ၊ စကြာလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်ကြူကြူ)၏ ခင်ပွန်း၊ ဦးမျိုးခိုင်-ဒေါ်စောမာလာ၊ (ဦးဇော်ထွန်း)၊ ဦးသန့်ဇင်-ဒေါ်ချိုချိုသင်း၊ (ဦးခင်မောင်သက်)တို့၏ ချစ်လှစွာသောဖခင်၊ မသဲစုမွန်၊ မဇင်မင်းစုမွန်၊ မသီရိစုမွန်တို့၏ အဘိုးသည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်လွင်(ခ)တန်အင်းငါး

**အသက်(၈၆)နှစ်**

ကရင်ပြည်နယ်၊ ထုံးအိုင်ကျေးရွာနေ (ဦးချစ်တင်-ဒေါ်စိုးဝါ)တို့၏ သား၊ (ဦးလီဂွမ်း-ဒေါ်ညွှန့်)၊ (ဒေါ်စောယုံ)တို့၏ မောင်၊ ဦးစံညွှန့်-(ဒေါ်ခင်ထား)၊ မော်လမြိုင်မြို့နေ ဦးမောင်ဟိန်-ဒေါ်အေးအေးယု၊ ဒေါက်တာမြင့်မောင်-ဒေါ်ညွှန့်အေး၊ ဒေါက်တာကျော်တင့်-(ဒေါ်ညွှန့်ထွေး)တို့၏ အစ်ကို၊ ဒေါ်ခင်မြဝင်း (ဒေါ်ရှု)၏ ခင်ပွန်း၊ ဦးအောင်ကျော်(ခ)ဦးမောင်မောင်-ဒေါ်ခင်သန့်ဇင်၊ ဦးမျိုးဇော်-ဒေါ်ဝါဝါလွင်တို့၏ မွေးသဖခင်၊ မစုပြည့်မောင်မောင် (Lighthouse)၊ မခန့်ကြယ်စင် (G-5.Dagon-1)၊ မအိမ့်ရှင်းသန့် (G-8-ISM)၊ မောင်ထက်ထူးလွင် (G-6-ISM)၊ မသွန်းနေရီ (G-2-ISM)တို့၏ အဘိုး ဦးအောင်လွင်(ခ)တန်အင်းငါး သည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁:၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း(အလယ်)၊ အမှတ် (၁၄၅)၊ သုံးလွှာ(ဘယ်)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယိကာမကြီး

## ဒေါ်မေသန်း

**အသက်(၈၆)နှစ်**

(ဦးကျော်သောင်း-ဒေါ်သောင်း တင်)တို့၏ သမီးချွေးမ၊ (ဦးဘိုးထွန်း-ဒေါ်အုန်းညွှန့်)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၈၈)နေ ဦးစန်းအောင်၏ ဇနီး၊ မြေး ၂၀ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွားသည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ခနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်း (မိတ္ထီလာ)

**အသက်(၆၇)နှစ်**

**ဝင်း-မွေးမြူရေးအစားအစာရောင်းဝယ်ရေး**

မိတ္ထီလာမြို့၊ သီရိမင်္ဂလာ (က)ရပ်ကွက်၊ သီရိလမ်းနေ (ဦးတင်ဆိုင်)-ဒေါ်ဂွက်ထော်တို့၏ သမီး၊ မခိုင်ခိုင်မြင့်၊ ကိုပြည့်ဖြိုး၊ မစန်းယုမေတို့၏မိခင် ဒေါ်ဝင်းသည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ဦး(ခ)ဒေါ်မာမာဦး

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/ အရှေ့)ရပ်ကွက်နေ (ဦးသန်းစိန်-ဒေါ်နှင်းတင့်)တို့၏ သမီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၃)လမ်းနေ (ဦးအောင်သန်း-ဒေါ်အေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/ အရှေ့)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄၂၃)နေ ဦးမြင့်ငွေ(ခ )ဦးမှတ်ကြီး၏ ချစ်လှစွာသောဇနီး၊ ကိုသိန်းသန်းမြင့်-မဆွေဆွေဇင် (ဆေးသုတေသန)၊ ဗိုလ်အောင်ဇော်မိုး (တပ်ကုန်း)၊ မနှင်းလဲ့ယွန်း (YIC Collage) တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၉ (ကြာသပတေးနေ့) တွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်လွင် (ခ) ဦးခီဆောင်း

**အသက်(၇၄)နှစ်**

သူငယ်ချင်းဦးသန်းနိုင် (သင်္ချာသန်းနိုင်)-နန်းတိုးတိုးအေးတို့၏ အစ်ကိုကြီး ဦးခင်မောင်လွင်သည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်း၏မိသားစုများနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**သူငယ်ချင်းများ**

**ဝင်းမြင့်၊ တင်ထွန်းအောင်၊ ဇော်လင်း၊ ခင်မောင်သန်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## လီယိုတော်(ခ)ဦးတော်ဝါး

**အသက်(၉၇)နှစ်**

**ကျန့်တိတ် ဘုရားကျောင်း ဥက္ကဋ္ဌ (တောင်ဥက္ကလာပ)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ် (၂၅၅)နေ (ဦးလီကီချိုင်-ဒေါ်ဖန်းင)တို့၏ သားကြီး၊ (ဒေါ်ကျင်ဝှက်)၏ ခင်ပွန်း၊ ဦးဟုတ်ကြည်-ဒေါ်ခင်ခင်လှ၊ (ဦးစိန်စီဟိန်း)-ဒေါ်တင်အေး၊ ဒေါ်သန်းဆွေ၊ ဒေါ်ငွေငွေဝင်း၊ ဒေါ်ရီရီချို၊ ဦးကျော်အောင်-ဒေါ်ဝင်းစန္ဒာ၊ ဒေါ်ကြည်ကြည်ထွေး၊ ဒေါ်ဝင်းဝင်းလှိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၁၀:၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးတရုတ်ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်ကြည် (ဝါးခယ်မ)

**(နိကာယ်ငါးရပ်ဝင်၊ ဓမ္မသာကစ္ဆာအဖွဲ့ချုပ်-ဥက္ကဋ္ဌ)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ ပြည်သာယာအိမ်ရာနေ (ဦးဘိုးထွေး-ဒေါ်အေးကြည်)တို့၏ သား၊ (ဦးမောင်ဆိုင်-ဒေါ်အေးမိ)တို့၏ သားသမက်၊ (ဒေါ်ခင်ရီ)၏ ခင်ပွန်း၊ ဦးလှကြည်-ဒေါ်မြသက်စော၊ ဒေါ်ခင်မာမာအေး(The Great Success ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုထက်အောင်ကျော် (Fortune TV)-မတင့်လှိုင်ထွန်း (Tiger Supply Co;)၊ ကိုကျော်ရဲနောင်တို့၏ အဘိုး၊ မထက်အိမ်စည်(New Campus)၏ ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၂ နာရီတွင် ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ဇိုဗေဒါပ်@ဒေါ်သက်သက်ကြူ@မကြူ

**အသက်(၇၀)**

**(မြ၀တီ၊ ၂၇ လမ်း၊ မန္တလေး)**

တောင်ကြီးမြို့နေ (H. ဦးအဟာမဒ္ဒဝါလီ-H.ဒေါ်တင်တင်)တို့၏ မြေး၊ (H.ဦးကိုကိုလေး-H.ဒေါ်ကြူကြူ)တို့၏ သမီးကြီး၊ မန္တလေးမြို့နေ (ဦးအစ္စမိုင်အင်-ဒေါ်မြသန်း)တို့၏ မြေး၊ အမှတ် (၂၂၀)၊ (၂၇)လမ်း၊ ၈၂-၈၃ ကြားနေ ဒေါ်ခင်လှလှ၊ H. ဦးညီလေး (HAPPY BROTHERS)-(H.ဒေါ်စုစုလှိုင်)၊ (ဦးသက်နိုင်)-ဒေါ်တင်တင်လှ (H.ဦးမျိုးညွှန့်)-ဒေါ်သင်းသင်းအေးတို့၏ အစ်မကြီး၊ သက်မောင်မောင်ဦး (Win Theingi Engineering Co., Ltd.)၊ AH.ဇော်မျိုး-မေသက်မောင်၊ သက်မောင်မောင်နိုင်၊ သက်မောင်မောင်လွင် (Future Art)၊ ကျော်သူလင်း (5-Star)-သက်နှင်းမောင်တို့၏ မိခင်၊ ကြွေရတီလင်း၊ မေမဒီလင်း၊ မင်းခန့်စည်သူတို့၏ အဘွား၊ ဦးမောင်မောင်ကြီး(မြ၀တီ)၊ (မန္တလေးတိုင်းဒေသကြီး၊ မ-အ-ဖ တိုင်းတွဲဖက်အတွင်းရေးမှူး)၏ ဇနီးသည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အေရှာဟ်နမာဇ်အပြီးတွင် မန္တလေး အေးရိပ်ငြိမ်(အင်ကြင်း)ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းဌေး(ခ)ဒေါ်သီတာဌေး

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ အမှတ်(၂၄)၊ သုံးလွှာနေ (ဦးမြညွှန့်-ဒေါ်သန်းရင်)တို့၏ သမီးထွေး၊ ဦးခင်မောင်မြင့်-(ဒေါ်ခင်အုန်းမြင့်)၊ ဦးခင်လတ်-ဒေါ်တင်ရီ၊ ဦးနိုင်နိုင်-ဒေါ်မြမြရွှေတို့၏ ညီမ၊ (ကိုထက်နိုင်လင်းစိုး)-မဇာဇာဝင်းတို့၏ မိခင်၊ မောင်နေသူအောင်၏အဘွား၊ ဦးစိုးဟန်၏ ဇနီးသည် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၉(တနင်္လာနေ့) နံနက်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ အမှတ်(၂၄)၊ သုံးလွှာနေအိမ်နှင့် လှည်းတန်း (၄)လမ်း၊ သမ္မာဆန္ဒရက္ခိတ ဆွမ်းလောင်းဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လွင် (LL.B)

**အသက် (၆၀)**

ပဲခူးတိုင်းဒေသကြီး၊ ပျဉ်ပုံကြီးကျေးရွာနေ (ဦးငြိမ်း-ဒေါ်ရီ)တို့၏ သား၊ ဦးစိုးဝင်း-ဒေါ်သိင်္ဂီဝင်း၊ ဦးစိုးလွင်-ဒေါ်စန်းမြင့်တို့၏ မောင်၊ ဦးဝင်းမြင့်-ဒေါ်ညိုညိုဝင်း၊ ဦးမောင်မောင်တင်-ဒေါ်ချိုချိုဝင်း၊ ဦးဝင်းထွဋ်လွင်-ဒေါ်ရွှေစင်ဦးတို့၏ အစ်ကို၊ ဦးဌေးလွင်-ဒေါ်တင်သန်းဦး၊ ဒေါ်အုန်းသန်း၊ ဦးအောင်ဝင်း-ဒေါ်ထားရီ၊ ဦးကျော်မင်းဌေး-ဒေါ်ဇာခြည်သက်သက်အောင်၊ ဦးသက်နိုင်ဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးထွန်းထွန်း-ဒေါ်ခိုင်နွယ်စိုး၊ ဦးစိုးမင်းထွန်း-ဒေါ်မိုးမိုးတို့၏အစ်ကို၊ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ မဇင်နွယ်ထွန်း၊ မောင်ကောင်းစံတို့၏ ဖခင်သည် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၁၁၁၊ သိင်္ဂီလမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံအနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူ၏ တစ်ဖက်သတ်စွပ်စွဲမှုများကို ပြင်းထန်စွာပယ်ချပြီး အချက်အလက်ရှာဖွေရေးအဖွဲ့၏ လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ အစီရင်ခံစာများအားပယ်ချ

နေပြည်တော် အောက်တိုဘာ ၂၃

**ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ၊ ယခင် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ မာဇူကီဒါရူစမန်တို့နှင့် သီးခြားစီပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးမှုများတွင် ၎င်းတို့၏ ဆွေးနွေးမှုများအပေါ် တုံ့ပြန်မိန့်ခွန်းများ ပြောကြားခဲ့သည်။**


ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း တုံ့ပြန်မိန့်ခွန်း ပြောကြားစဉ်။

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ)၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဘာသာရပ်ဆိုင်ရာ အစည်းအဝေးများကို ၂၂-၁၀-၂၀၁၉ ရက်နေ့တွင် ဆက်လက်ပြုလုပ်လျက် ရှိပါသည်။ ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် ယခင် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သူတို့က ဆွေးနွေးမှုများကို အသီးသီး ပြုလုပ်ခဲ့ကြသည်။

**မြဲမြံစွာကျင့်ကြံ**

မြန်မာအမြဲတမ်းကိုယ်စားလှယ်က မစ္စ ယန်ဟီလီ၏ ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရာတွင် လူ့အခွင့်အရေးကောင်စီမှ အပ်နှင်းထားသည့် လွတ်လပ်သည့် လုပ်ပိုင်ခွင့်တာဝန်ရှိသူများနှင့် ယန္တရားများအနေဖြင့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် ပညာရှင်ဆန်သည့် ဂုဏ်သိက္ခာရှိမှုတို့ကို မြဲမြံစွာကျင့်ကြံရန် လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆိုသည့် မြင့်မြတ်သည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် စံနှုန်းနှစ်ခု ကျင့်သုံးခြင်း၊ နိုင်ငံရေးအရ ခုတုံးလုပ်ခြင်းနှင့် နိုင်ငံတစ်နိုင်ငံအား ပစ်မှတ်ထားရွေးချယ်ထိုးနှက်ခြင်းစသည့် အလေ့အကျင့်များက မည်သို့မျှ အထောက်အကူပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် နှစ်ပေါင်းသုံးဆယ်ကျော် စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံတစ်နိုင်ငံအား ပစ်မှတ်ထားသည့် အဆိုဆုံးဖြတ်ချက်များ၊ မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများမှ သွေဖည်ပြီး သမာသမတ် မကျသည့် လုပ်ဆောင်မှုများဖြင့် နိုင်ငံရေးအရ ဖိအားပေးအသုံးချရန် ရည်ရွယ်ထားသည့် ယန္တရားများသာ တိုးပွားလာနေကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**

**ကြေးမုံ ယနေ့ ဖတ်စရာ**


မိုးမိုး(အင်းလျား) (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် အကြိုခံစားမှု
စာမျက်နှာ » ၆

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၏ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသား အောင်မြင်စွာ မွေးဖွား
စာမျက်နှာ » ၇

အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက ဒုတိယသက်တမ်းအတွက် အစိုးရအဖွဲ့သစ်စာရင်း ထုတ်ပြန်
စာမျက်နှာ » ၁၃


# ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ကြေးတံဆိပ်တစ်ခု ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် ၂၀၁၉ ကမ္ဘာ့ဝူရှူးပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာဝူရှူးအဖွဲ့အတွက် ကြေးတံဆိပ်ဆုကို အမျိုးသမီးနှစ်ယောက်တွဲ အတိုက်ပြိုင်ပွဲတွင် စန္ဒီဦးနှင့် အေးသစ္စာမြင့်အတွဲက ရယူနိုင်ခဲ့ပြီး ဟောင်ကောင်အတွဲက ရွှေတံဆိပ်၊ မလေးရှားအတွဲက ငွေတံဆိပ်ရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကမ္ဘာ့ပြိုင်ပွဲဖြစ်သောကြောင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**


ကြေးတံဆိပ်ရရှိခဲ့သည့် စန္ဒီဦးနှင့် အေးသစ္စာမြင့်တို့အား ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရန် ကူညီဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးခင်မောင်လေးနှင့်အဖွဲ့၊ တရုတ်နည်းပြတို့နှင့်အတူ တွေ့ရစဉ်။


စိန်နန်းတော်
Diamonds & Fine Jewelry



Grand Prize - Mazda Brand New Car (1) စီး

သာကေတ Capital
စိန်ရွှေရတနာ အထူးဈေးရောင်းပွဲ
(၂၆ရက် ၊ ၂၇ရက် ၊ ၂၈ရက် အောက်တိုဘာလ ၂၀၁၉)
Capital Hypermarket (သာကေတ)(Promotion Area)
Capital Hypermarket , အမှတ် – ( 14/E ) ၊ မင်းနန္ဒာလမ်း ၊ ဒေါပုံမြို့နယ် ၊ ရန်ကုန်မြို့ ၊

ရွှေဆွဲသီး လက်ဆောင်



* ရွှေဆွဲသီး လက်ဆောင် (မှတ်ချက် – ၅ သိန်းကျပ်ဖိုးနှင့် အထက် ဝယ်ယူရပါမည် / ဘောင်ချာ တစ်စောင်ကို ရွှေဆွဲသီးတစ်ခု ပေးပါမည် ၊)
* စိန်နန်းတော် 2019 Grand Prize MAZDA Car ရှာ ကံစမ်းခွင့် (၅ သိန်းကျပ်ကို ကံစမ်းမဲ တစ်စောင်)
* စိန်ထည် ဝယ်ယူသူများကို စိန်နန်းတော် ဒေါ်ဆောင်အိတ် ထပ်မံလက်ဆောင်
* သိန်း (၁၀) ဖိုးနဲ့ အထက်ဝယ်ယူသူများကို D&C ( Singapore Brand )Handbag(ခွဲအိတ် / လက်ကိုင်အိတ်) များကို ထပ်မံလက်ဆောင်
* နေ့စဉ်ပထမဦးဆုံးလာရောက်အားပေးသော Customer အယောက် (၅၀)ကို " I ❤ စိန်နန်းတော် တီရှပ် နှင့် cosmetic bag "ထပ်မံလက်ဆောင်ပေးသွားပါမည် ၊

နံနက် (၉) နာရီ မှ ည (၉) နာရီထိ

၁၅ ပဲရည်ရွှေထည် စိန်ထိုးဆန်းများ ၊ 18K White Gold (ရွှေဖြူ) စိန်ထိုးဆန်းများ ၊Belgium စိန်အပြည့်ဆန့်ထည်များနှင့် Hong Kong Setting စိန်ထည် စိန်ထိုးဆန်းများကိုဖြင့် ရွေးချယ်ဝယ်ယူနိုင်ပါသည် ၊